ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၅၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ စနေနေ့။ Saturday, 4 November 2023 ၁၁၂၆၉

ကုသိုလ်ကောင်းမှု နေ့စဉ်ပြု

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သက်နှိုး၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ပဝဂ်(ဓမ္မပဒ-၅၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တေရသမအကြိမ်၊ (၁၃)ကြိမ်မြောက် မဟာဘုံကထိန် အလှူတော်မဂ်လာအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တေရသမအကြိမ်၊ (၁၃)ကြိမ်မြောက် မဟာဘုံကထိန်အလှူတော်မဂ်လာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျှာသက်နှိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် နေပြည်တော်လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓေမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ၊ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မဂ်လာဇေယျံကျောင်းတိုက် ပဓာနနာယက၊အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိက ၈၇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဒေသခံဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ➲

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးကျောင်းတိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသထံ ကထိန်လျှာသက်နှိုး ဆက်ကပ်လှူဒါန်းစဉ်။

ယနေ့ ဖတ်စရာ

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးပညာညီလာခံ (၂၀၂၃)ဖွင့်ပွဲ ကျင်းပ

စာမျက်နှာ » ၆

မဆုံးနိုင်တဲ့ မုန်းတီးမှုတွေနဲ့ Might is Right ခေတ်ကြီးမှာ . . . .

ဆောင်းပါး စာမျက်နှာ » ၁၀

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်သူလူထုက ဒံပေါက်ဘူးများ ပေးပို့လှူဒါန်း

စာမျက်နှာ » ၁၄

ကြားမှု

လက်နက်ကိုင်နည်းလမ်းများကို ထိရောက်စွာ တန်ပြန်ချေမှုန်း

တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသော အမျိုးသား တပ်မတော်ဖြစ်သည်။ နိုင်ငံလွတ်လပ်ရေးအတွက် ပြည်သူလူထုနှင့်အတူလက်တွဲပြီး အသက်သွေးချွေးများပေးဆပ်ကာ ရယူပေးခဲ့သည်။ ရှိပြီးသော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက်လည်း ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ နိုင်ငံလုံခြုံရေးနှင့် ကာကွယ်ရေးကို အစဉ်အမြဲ သက်စွန့်ကြိုးပမ်း စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော အစဉ်အလာရှိသည့် တပ်မတော်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့သည်မှာ နှစ်ပေါင်း ၇၅ နှစ်ကျော်လွန်လာခဲ့ပြီဖြစ်သည်။ လက်နက်ကိုင်နည်းဖြင့် ဖြေရှင်းခြင်းသည် မည်သည့်အခါမျှ အောင်မြင်မှုမရနိုင်သည်ကို မြန်မာ့သမိုင်းတွင် မှတ်တမ်းတင်ထားပြီးဖြစ်သည်။ တိုင်းရင်းသားပြည်သူအချင်းချင်းသာ သေကျေပျက်စီးခြင်းဖြစ်ခဲ့ရသည်ကို စိတ်မကောင်းစွာ တွေ့မြင်ရမည်ဖြစ်သည်။ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် နိုင်ငံရေးသဘောကွဲလွဲမှုကို နိုင်ငံရေးနည်းဖြင့်မဖြေရှင်းဘဲ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့၍ ပြည်တွင်းစစ်မီး စတင်တောက်လောင်ခဲ့သည်။

တပ်မတော်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် အင်အား အဆမတန်များပြားသော ရောင်စုံသောင်းကျန်းသူများကို ချေမှုန်းခဲ့ရသည်။ ဧရာဝတီတိုင်းနှင့် ပဲခူးရိုးမပေါ်မှ ကွန်မြူနစ်သောင်းကျန်းသူများကို တပ်မတော်နှင့် ပြည်သူလက်တွဲပြီး ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ သောင်းကျန်းသူများသည် ကချင်၊ ကရင်၊ ရှမ်းပြည်နယ်ဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ ကွန်မြူနစ်များသည် အဆိုပါဒေသများရှိ ရိုးသားသည့် တိုင်းရင်းသားများကို အဓမ္မ လူသစ်စုဆောင်းကြ ရုံသာမက အစိုးရဆန့်ကျင်ရေး၊ လူမျိုးစုလွတ်မြောက်ရေးစသည်ဖြင့် သွေးထိုးပေးခဲ့ကြသည်။ သို့သော် တပ်မတော်ကို မုန်းတီး၍ ပေါ်ပေါက်သည့် လက်နက်ကိုင်အဖွဲ့အစည်းများမရှိခဲ့ပေ။ နိုင်ငံရေးအယူအဆကွဲလွဲမှုကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းဘဲ လက်နက်စွဲကိုင်ရာမှ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသောအခြေအနေများကို သုံးသပ်ကြည့်လျှင် လွတ်လပ်ရေးရပြီးစ လက်နက်ကိုင်ပဋိပက္ခအခြေအနေမျိုးဖြစ်နေသည်ကို တွေ့ရသည်။ ဒီမိုကရေစီလမ်းစဉ် သွားနေပါသည်ဆိုသူများပင် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြသည်။ ပြည်တွင်း၊ ပြည်ပအချို့ကလည်း ဒီမိုကရေစီဆန့်ကျင်ဘက် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အားပေးအားမြှောက် သွေးထိုးလှုံ့ဆော်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ ပြုလုပ်နေကြခြင်းသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ပျက်စီးစေပြီး မြန်မာ ပြည်သူလူထု၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို နှောင့်နှေးစေခြင်းဖြစ်ပြီး ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ကို အားပေးနေခြင်းဖြစ်သည်။

မကြာသေးမီရက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ၌ MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့များသည် ကိုးကန့်ဒေသအတွင်း နယ်မြေလုံခြုံရေးစခန်းများနှင့် ဌာနဆိုင်ရာ ရုံးဌာနများကို တိုက်ခိုက်လာမှုများအား မြင်တွေ့ကြားသိကြရမည်ဖြစ်သည်။ အလားတူ ကချင်ပြည်နယ်တွင်လည်း လမ်းပန်းဆက်သွယ်ရေး၊ နယ်မြေလုံခြုံရေးစခန်းများကို တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ တပ်မတော်အနေဖြင့် KIA အဖွဲ့အား နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားမှုမရှိစေရေး သတိပေးခဲ့သော်လည်း ၎င်းတို့အနေဖြင့် အင်အားအလွန်အကျွံသုံးပြီး လုံခြုံရေးစခန်းများကို တိုက်ခိုက်ခဲ့သောကြောင့် တပ်မတော်အနေဖြင့် လုံခြုံရေးအရ ပြန်လည်တုံ့ပြန်ဆောင်ရွက်ခဲ့သည်။ အဆိုပါအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၃) တွင် အောက်ပါအတိုင်း အတိအလင်းပြောကြားခဲ့သည်။

"မိမိအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့၌ မိန့်ခွန်းပြောကြားရာတွင် ဒို့တာဝန် အရေးသုံးပါးကို မထိခိုက်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို လေးစားလိုက်နာမည်ဆိုပါက ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရန် ပြောကြားပြီးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဆွေးနွေးသည့်အချိန်တွင် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် တိုက်ခိုက်မှုများ အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုထား၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော် မိမိတို့အပေါ် တိုက်ခိုက်မှုများ ဆောင်ရွက်လာခြင်းကြောင့် မိမိတို့အနေဖြင့် တန်ပြန်ချေမှုန်းမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း"။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ အကျိုးစီးပွားကို ရှေးရှု၍ ငြိမ်းချမ်းရေးကို အလေးထားဆောင်ရွက်နေသော်လည်း နိုင်ငံရေးကို နိုင်ငံရေးနည်းဖြင့် အဖြေမရှာဘဲ လက်နက်ကိုင်နည်းလမ်းဖြင့် ဆောင်ရွက်သူများကို ပြည်သူလူထုနှင့်ပူးပေါင်းလက်တွဲ၍ ထိရောက်စွာ တန်ပြန်ချေမှုန်းသွားမည်ဖြစ်ပါကြောင်း။ ။

ပညာရေးဝန်ကြီးဌာန ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ အတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပထမနှစ်နေ့သင်တန်း ဝင်ခွင့်ရသူများစာရင်းကို (၇-၁၁-၂၀၂၃) ရက်နေ့မှစတင်၍ သက်ဆိုင်ရာ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website http://www.dhe.gov.mm တို့တွင်လည်း ကြေညာထားမည် ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာန

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် သင်တန်းများဖွင့်လှစ်ရန် ရက်ပြောင်းလဲသတ်မှတ်

ရန်ကုန် နိုဝင်ဘာ ၃

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ ဖွင့်လှစ်မည့် ပထမနှစ်မှ စတုတ္ထနှစ်အထိ ဘွဲ့ကြိုတန်းများနှင့် မဟာဝိဇ္ဇာတန်းများအား နိုဝင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း နေ့စဉ်ထုတ်သတင်းစာများ၌ ကြေညာခဲ့သော်လည်း ယခုအခါ အခြားတက္ကသိုလ်များနှင့် တစ်ပြေးညီ ဖြစ်စေရေး နိုဝင်ဘာလ ၂၃ ရက်နေ့မှစ၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မော်ဘီ၌ တိရစ္ဆာန်ကောင်ရေစာရင်း မြေပြင်ကောက်ယူခြင်းလုပ်ငန်းစတင်

မော်ဘီ နိုဝင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်အမှတ်(၂)ရပ်ကွက်တွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကဦးဆောင်၍ နိုင်ငံတော်အဆင့်မြေပြင်ရှိ မွေးမြူရေးတိရစ္ဆာန်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ယနေ့ နံနက်ပိုင်းက စတင်ပြုလုပ်သည်။

တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်မှုစာရင်း အတည်ပြုထုတ်ပြန်ရန်နှင့် တိရစ္ဆာန်ကောင်ရေ တိုးပွားမှုစံနှုန်းများ သုံးသပ်ပြင်ဆင်နိုင်ရေးအတွက် အိမ်မွေးတိရစ္ဆာန်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို မြေပြင်ရှိ စာရင်း၏ ၂၀ ရာခိုင်နှုန်းကောက်ယူသွားမည်ဖြစ်ပြီး စီးပွားဖြစ်မွေးမြူသည့် လုပ်ငန်းများကို ရာနှုန်းပြည့် ကွက်ပြည့် စာရင်းကောက်ယူမည်ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

ဝင်းဇော်(မော်ဘီ)

ကျောင်းကုန်းမြို့၌ အသက်(၁၈)နှစ်အောက် အခြေခံပညာ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများ ကျင်းပ

ကျောင်းကုန်း နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မိုးလုံလေလုံ အားကစားခန်းမ၌ အသက်(၁၈)နှစ်အောက် အခြေခံပညာ ကျောင်းပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီက ကျင်းပသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို အမျိုးသား အမျိုးသမီး ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ဆက်လက်၍ ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘော၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ကြက်တောင်ရိုက် အားကစားနည်းများကိုလည်း မြို့နယ်အဆင့် လူရွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၃ - ၁၁ -၂၀၂၃

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၈၀၀	၈,၇၀၀	၉၀၄	၇,၈၇၇,၆၀၀
MTSH	၃,၀၀၀	၂,၉၅၀	၄,၅၀၂	၁၃,၀၈၁,၅၅၀
MCB	၇,၈၀၀	၇,၈၀၀	၅၀	၃၉၀,၀၀၀
FPB	၁,၇၀၀	၁,၆၅၀	၁၂၀	၂၀၃,၀၀၀
TMH	၂,၄၀၀	၂,၄၀၀	၁	၂,၄၀၀
EFR	၂,၁၀၀	၂,၁၀၀	၂၀၆	၄၃၂,၆၀၀
AMATA	၄,၉၀၀	၄,၉၀၀	၀	၀
MAEX	၁၇၅၀	၁,၇၅၀	၅၅၂	၉၆၆,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြားမှု

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊
စာတည်းမှူး	- ဦးဝင်းနိုင်	သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး		ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
		အငယ်တန်း	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
		သတင်းထောက်များ	ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးကျော်သူရနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြ၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀ဖြ၇-၃ဖ၁၂ဖ၊ စာတည်းအဖွဲ့ ၀ဖြ၇-၃ဖ၁၂၈၊ ၀ဖြ၇-၃ဖ၁၃၀၊ ဖက်စ် ၀ဖြ၇-၃ဖ၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈ဖ၁၀ဖ၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

✪ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် ဧည့်ပရိသတ်များသည် ဘုန်းတော်ကြီးကျောင်း အသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျှာသက်နီး၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့သည် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုမြဲ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်လှူဒါန်းသည်။

ယင်းနောက် အစီအစဉ်အရ မဟာဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို နမောတသ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော် ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွား ချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့က နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသထံ ကထိန်လျှာသက်နီးကို လည်းကောင်း၊ ပေါက်မြိုင်ကျောင်းတိုက်ပဓာနနာယကဆရာတော်ကြီးထံ ကထိန်သက်နီးနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့က ပါဠိ ဆရာတော်ကြီးထံ ကထိန်သက်နီးနှင့် လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဆရာတော် သံဃာတော်များထံ ကထိန်သက်နီးနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရေဆင်းကန်ဦးကျောင်းတိုက်မှ ဂဏဝါစက စာချဆရာတော်များ ဖြစ်ကြသည့် အရှင်ဝါယမနှင့် အရှင်ဇဝနတို့က ကထိန် အမေးအဖြေများကို ဆောင်ရွက်တော်မူကြသည်။

စာမျက်နှာ ၄ သို့ ✯

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံ ကထိန်သက်နီးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျှာသက်နီး၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြစဉ်။

ယနေ့ ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တေရသမ အကြိမ်၊ (၁၃)ကြိမ်မြောက် မိသားစု မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားတွင် ရုံး၊ ဌာနအသီးသီးမှ ပဒေသာပင် စုစုပေါင်း ၈၆ ပင်၊ တန်ဖိုးငွေကျပ် ၁၇၄၂ သိန်းကျော် ပါဝင်လှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာ ဘုန်းတော်ကြီး ကျောင်းအသီးသီးသို့ ရုံး၊ ဌာနများ အလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်လှူဒါန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ပါဠိဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

✯ စာမျက်နှာ ၃ မှ

ထို့နောက် ပါဠိတက္ကသိုလ် မဂ်လာဧယျုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာ တရားနာယူကြပြီး အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ဆက်လက်၍ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု"သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းပြီး မဟာဘုံကထိန် အလှူတော်မဂ်လာ အခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။ အခမ်းအနားအပြီးတွင် ဆရာတော်သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ တေရသမအကြိမ်၊ (၁၃)ကြိမ်မြောက် မိသားစုမဟာဘုံကထိန်အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်များအား နိုဝင်ဘာ ၁ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ အနော်ရထာခန်းမမှ ဥပါတသန္တိစေတီတော် မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ခဲ့သည်။

ယနေ့ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တေရသမအကြိမ်၊ (၁၃)ကြိမ်မြောက် မိသားစုမဟာဘုံကထိန် အလှူတော် မဂ်လာအခမ်းအနားတွင် ရုံး၊ ဌာနအသီးသီးမှ ပဒေသာပင် စုစုပေါင်း ၈၆ ပင်၊ တန်ဖိုးငွေကျပ် ၁၇၄၂ သိန်းကျော် ပါဝင်လှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ညီနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီးတို့က ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီးတို့က ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီးတို့က ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

မအူပင်မြို့၌ ကျောင်းသားအားကစားဘောလုံးပြိုင်ပွဲ ကျင်းပ

မအူပင် နိုဝင်ဘာ ၃

ဧရာဝတီ တိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်စိုးစိုးမော် ကြီးမှူးကျင်းပသည့် ကျောင်းသားအားကစားဘောလုံးပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျောင်းကောင်စီအသင်းငါးသင်းအလိုက် ပြိုင်ပွဲများ ကျင်းပသည်။

ထိုသို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘုရင့်နောင်အသင်းက ပထမ၊ အလောင်းဘုရား အသင်းက ဒုတိယ၊ ကျန်စစ်သားအသင်းက တတိယ ဆုများရရှိခဲ့ကြပြီး တာဝန်ရှိသူများက ဒိုင်းဆုများ၊ ဆုကြေးငွေများ၊ လည်ဆွဲများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မုံရွာမြို့၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

မုံရွာ နိုဝင်ဘာ ၃

စစ်ကိုင်း တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ အကျိုးခံစားခွင့် ထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့က တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိက အဖွင့်အမှာစကား ပြောကြားပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ အကြောင်းကို ရှင်းလင်းပြောကြားကာ မုံရွာမြို့ မြို့နယ်လူမှုဖူလုံရေး ရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော KANBAWZAX MICROFINANCE(KBX-MF)Co,Ltd. မှ အာမခံအလုပ်သမား ဦးလွင်မျိုးထက်၏ လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးမှုကြောင့် နာရေးစရိတ် ငွေကျပ် ၅၃၄၀၀၀ ကို ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်၍ ကျန်ရစ်သူ မိသားစု အကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၉၀၀၀၀၀၀ ကို ကျန်ရစ်သူ မိသားစုထံသို့ တိုင်းဒေသကြီး တာဝန်ခံအရာရှိက ခွင့်ပြုထုတ်ပေးခဲ့သည်။

ထို့နောက် ကျန်ရစ်သူမိသားစု၏ ကိုယ်စား KANBAWZAX MICROFINANCE (KBX-MF) Co,Ltd. မှ မုံရွာရုံးခွဲ တာဝန်ခံ မန်နေဂျာ ဒေါ်ခင်မျိုးသန့်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် နိုဝင်ဘာ ၃

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (C) ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ခွဲဘူ၊ ပိုးရယ် အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာ မှူထန်၊ ခွန်စိုလွင်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများ၊ အားကစားသမားများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင် ပြည်သူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ (အမျိုးသမီး) ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ (အမျိုးသား) ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲတစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးတို့က ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲတွင် အကောင်းဆုံးစပေးဘောဆု၊ အကောင်းဆုံးပင့်ထောင်ဆု၊ အကောင်းဆုံးရိုက်ခုတ်ဆု၊ အကောင်းဆုံးပိတ်ဆို့ဆု၊ အကောင်းဆုံး ခုခံဆယ်မဆု၊ အကောင်းဆုံး ဘော်လီဘော အားကစားသမားဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့် ဦးမောင်မောင်ဝင်းတို့က ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲတွင် အကောင်းဆုံး စပေးဘောဆု၊ အကောင်းဆုံးပင့်ထောင်ဆု၊ အကောင်းဆုံးရိုက်ခုတ်ဆု၊ အကောင်းဆုံးပိတ်ဆို့ဆု၊ အကောင်းဆုံး ခုခံဆယ်မဆု၊ အကောင်းဆုံး ဘော်လီဘော အားကစားသမားဆု ရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဥာဏ်ထွန်းနှင့် ဒေါက်တာချာလီသန်း တို့က ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသမီး)ပြိုင်ပွဲတွင် ပူးတွဲတတိယဆု ရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေတို့ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ခွဲဘူနှင့် ဒေါက်တာမှူထန်တို့က ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက် ဆုဖလားတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့ကပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိကြသည့် မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ကရင်ပြည်နယ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေတို့ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် ခွန်စိုလွင်က ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေတို့ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်းနှင့် မန်းငြိမ်းမောင်တို့က ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဆုဖလားတို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စိုလွင်နှင့် ဦးရွှေကြိမ်းတို့က ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို ဘော်လီဘော အားကစားအဆင့် အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ အားကစားသမား အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေး၊ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ဘော်လီဘောအားကစားနည်းကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှား ကစားကြစေရေးတို့ အတွက်ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘော အဖွဲ့ချုပ်တို့ ပူးပေါင်းကာ အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၃ သင်းတို့မှ အားကစားသမား စုစုပေါင်း ၄၁၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

တပ်ကုန်းမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ ကျောင်းသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကစားနိုင်ရေး လူရွေးပွဲ ကျင်းပ

တပ်ကုန်း နိုဝင်ဘာ ၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ပညာရေးမှူးရုံးက ဦးဆောင်၍ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းသား အားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကစားနိုင်ရေးအတွက် အားကစားလေ့ကျင့်ခြင်းနှင့် လူရွေးချယ်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက မြို့နယ်အားကစားကွင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်းများတွင် ကျင်းပသည်။

ကျောင်းသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကစားနိုင်ရေးအတွက် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်၊ ကြက်တောင်၊ ပြေးခုန်ပစ်နှင့်စားပွဲတင်တင်းနစ် ကစားနည်းများကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၆၇ ကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်း လေးကျောင်း၊ ကိုယ်ပိုင်ကျောင်း ခြောက်ကျောင်းတို့မှ စိစစ်ရွေးချယ်နိုင်ရေး အားကစားပြိုင်ပွဲများကို နိုဝင်ဘာ ၃ ရက်မှ ၉ ရက်အထိ မြို့နယ်အားကစားကွင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်းတို့တွင် ပြိုင်ပွဲများကျင်းပ၍ လူရွေးချယ်သွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **တင်စိုးလွင်**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၃

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ ပူးပေါင်း ကျင်းပသည့် ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲကို နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီး အသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားကြမည်ဖြစ်ရာ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို **(အခမဲ့)** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

သာစည်မြို့နယ်၌ အခြေခံပညာအဆင့်ကျောင်းများ အားကစားပြိုင်ပွဲအတွက် မြို့နယ်အဆင့် လူရွေးချယ်ပွဲများ ပြုလုပ်

သာစည် နိုဝင်ဘာ ၃

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အသက် ၁၈ နှစ်အောက် အခြေခံပညာအဆင့်ကျောင်းများ အားကစားပြိုင်ပွဲအတွက် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ မြို့နယ်အဆင့်လူရွေးချယ်ပွဲများကို ယနေ့နံနက် ၈ နာရီမှစတင်၍ မြို့နယ်ပြည်သူ့အားကစားပြိုင်ကွင်း၌ ပြုလုပ်ကြောင်း သိရသည်။

ဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူးဦးတင့်ဘော်က အားကစားသမားများနှင့်တွေ့ဆုံပြီး အမှာစကား ပြောကြားသည်။

မြို့နယ်အဆင့် လက်ရွေးစင်ရွေးချယ်ခံရသော ကျောင်းသားကျောင်းသူများသည် မိတ္ထီလာခရိုင်၌ ခရိုင်အဆင့် သွားရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ထပ်မံရွေးချယ်ခံရပါက ခရိုင်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးပညာညီလာခံ(၂၀၂၃)ဖွင့်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးပညာညီလာခံ(၂၀၂၃) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘာဘရွှေ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အငြိမ်းစား ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ သွားနှင့်ခံတွင်း ဆေးပညာရပ်ဆိုင်ရာ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သွားနှင့်ခံတွင်း ဆေးပညာနယ်ပယ်မှ ပြည်တွင်း ပြည်ပ ပညာရှင်များ၊ ဘွဲ့လွန် ကျောင်းသား ကျောင်းသူ များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘာဘရွှေ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးကောင်စီ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာပိုင်စိုးတို့က ညီလာခံဖွင့်ပွဲအထိမ်းအမှတ် မုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို Banquet Hall ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အဖွင့်အမှာစကား ပြောကြားရာတွင် သွားဘက်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ သွားဘက်ဆိုင်ရာ ဆေးပညာရပ် အရည်အသွေး မြင့်မားတိုးတက်မှုကို အထောက်အကူ ဖြစ်စေရန်၊ ခေတ်နှင့်အညီ နိုင်ငံတကာအဆင့်မီ လေ့လာသင်ကြားနိုင်သည့် အခွင့်အလမ်းများရရှိစေရန်၊ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊ အငြိမ်းစား သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးများက မျိုးဆက်သစ်များအား ပညာအမွေလက်ဆင့်ကမ်းပေးနိုင်စေရန်၊ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနရှိ သွားဘက်ဆိုင်ရာ ဆရာဝန်များ ပူးပေါင်းဆောင်ရွက်နေမှုများ ပိုမိုရင်းနှီး အားကောင်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ယခုညီလာခံကို ကျင်းပခြင်းဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လူ့အသက်ထက်မည်သည့်အရာမှ အရေးမကြီးကြောင်းနှင့် လူ့အသက်ကိုသာ အဓိကထား ကယ်တင်ရမည်ဟု ပြည်သူ့ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ သွားနှင့်ခံတွင်းဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ တိုးမြှင့်ခန့်အပ် တာဝန်ပေးနိုင်ခဲ့မှု၊ ကိုယ်ဝန်ဆောင်မိခင်မှ စတင်၍ ကလေးသူငယ်အရွယ်၊ ကျောင်းတက်ကြီး ဘိုးဘွားများအား သွားတုအံကပ် အခမဲ့တပ်ဆင်ပေးခြင်းနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ကိုရီးယားသမ္မတနိုင်ငံမှ ခွဲစိတ်ဆရာဝန်ကြီးများနှင့် ပူးပေါင်း၍ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများကို အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်။

ထို့ပြင် ညီလာခံကျင်းပသည့် ကာလအတွင်းတွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကုသရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံမှ Korea University Medicine တို့သည် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနအောက်ရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)တို့နှင့် ထိုင်းနိုင်ငံရှိ Khon Kaen University တို့သည်လည်း သွားဘက်ဆိုင်ရာ ဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ လည်းကောင်း နားလည်မှုစာချွန်လွှာ (MoU) လက်မှတ် ရေးထိုးကြမည်ဖြစ်သည်။

ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ကျန်းမာရေးဝန်ထမ်းများ ကျောင်းတက်ကြီးသားများ ကျန်းမာရေးဝန်ကြီးဌာန ကာကွယ်ရေး ဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ကိုယ်ပိုင်ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ဝေးလံခက်ခဲ ဒေသများအထိ ကုန်းကြောင်း၊ ရေကြောင်းများဖြင့် အတူတကွ ကွင်းဆင်းကုသပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ သွားဘက်ဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပိုင်စိုးက ညီလာခံနှင့် ပတ်သက်၍ လည်းကောင်း၊ သွားနှင့်ခံတွင်း ဆရာဝန်များ၏ ကျင့်ဝတ်သိက္ခာနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြပြီး ကျန်းမာရေး ဝန်ကြီးဌာန၏ ဆောင်ရွက်ချက် မှတ်တမ်း (Documentary Video Clip)ကို ပြသသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးပညာညီလာခံ(၂၀၂၃)တွင် ခင်းကျင်းပြသထားသည့် သုတေသန စာတမ်းများနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယခုညီလာခံအကြို လှုပ်ရှားမှုများအနေဖြင့် ပုသိမ်ပြည်သူ့ဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများကို အခမဲ့ခွဲစိတ်ကုသပေးခြင်း၊ နေပြည်တော် သွားနှင့်ခံတွင်း အထူးကုဆေးရုံတွင် ပျိုရွယ်သူအရွယ် စသည့် အရွယ်ရောက်ပြီးချိန်မှ စတင်၍ သက်ကြီးရွယ်အိုအရွယ်အထိ သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှု၊ အနာဂတ်နိုင်ငံတော် တည်ဆောက်ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်လာမည့် လူငယ်များအတွက် အသိပညာ၊ အတတ်ပညာ၊ စာရိတ္တနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့် ပညာရေး စနစ်ကို ဖော်ဆောင်ရာတွင် ကျန်းမာကြံ့ခိုင်သည့် ကျောင်းသား ကျောင်းသူများ ဖြစ်လာစေရန် ငယ်ရွယ်နုနယ်စဉ်မှစ၍ ကျန်းမာရေးအသိပညာများ၊ အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုများ ပါဝင်သည့် သက်ကြီး ဘိုးဘွားများအား သွားတုအံကပ် အခမဲ့တပ်ဆင်ပေးခြင်းနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ကိုရီးယားသမ္မတနိုင်ငံမှ ခွဲစိတ်ဆရာဝန်ကြီးများနှင့် ပူးပေါင်း၍ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများကို အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်။

ထို့ပြင် ညီလာခံကျင်းပသည့် ကာလအတွင်းတွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကုသရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံမှ Korea University Medicine တို့သည် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနအောက်ရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)တို့နှင့် ထိုင်းနိုင်ငံရှိ Khon Kaen University တို့သည်လည်း သွားဘက်ဆိုင်ရာ ဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ လည်းကောင်း နားလည်မှုစာချွန်လွှာ (MoU) လက်မှတ် ရေးထိုးကြမည်ဖြစ်သည်။

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးပညာညီလာခံကို "အရည်အသွေးပြည့် သွားကျန်းမာရေး ပြည်သူ့ထံသို့ ဆောင်ကြဉ်းပေး" ဆောင်ပုဒ်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူး၍ နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိ ကျင်းပခြင်းဖြစ်ပြီး အဆိုပါညီလာခံသို့ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ငါးနိုင်ငံမှ သွားဘက်ဆိုင်ရာ ဆေးပညာရှင်များနှင့် ပြည်တွင်းမှ သွားဘက်ဆိုင်ရာ ဆေးပညာရှင်များက အဆင့်မြင့်အရည်အသွေးမီ ကုသမှုနည်းစနစ်များကို ဟောပြောပို့ချကြမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာ စာတမ်း (ပိုစတာ) ၃၂ စောင်နှင့် စာတမ်းဖတ်ပွဲ ၃၀ ပါဝင်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ညီလာခံပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (Academic Session)များ၏ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများကို ဆက်လက်ဆောင်ရွက်ပြီး စာတမ်းရှင်များကို ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာ ညွှန် ကြားရေးမှူး ချုပ် များက ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

Myanmar Rice Online (MyRO) Website မိတ်ဆက်ပွဲနှင့် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်မှုစနစ် ရှင်းလင်းပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

MyRO တွင် ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခြင်း၊ ပို့ကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်း၊ ဆန်စက်မှတ်ပုံတင်ခြင်း စသည့်လုပ်ငန်းများကို Digital Platform ပုံစံဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်စနစ်ကဲ့သို့ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခု အခမ်းအနားသည်ဆန်စပါးကဏ္ဍကိုဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရန် ခြေလှမ်းအစဖြစ်သည့်အတွက် ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များအပေါ် ကောင်းသည်ထက်ပိုမိုကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်က ပြောကြားသည်။



ပြောကြား

ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂီဟာဟိုတယ်၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းကျင်းပသည့် Myanmar Rice Online (MyRO) Website မိတ်ဆက်ပွဲအခမ်းအနား (Go-Live Ceremony) နှင့် MyRO တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ခြင်းနှင့် ပတ်သက်သည့် ရှင်းလင်း ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် MyRO Website မိတ်ဆက်ပွဲနှင့် MyRO ၌ ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်မှုစနစ် ရှင်းလင်းဆွေးနွေးပွဲသည် မြန်မာ့ဆန်စပါးညီလာခံ(၂၀၂၂) တွင် ဖော်ထုတ်ခဲ့သော ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် တောင်သူများအတွက် သီးနှံအာမခံစနစ်တည်ထောင်ရေး လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒပိုင်းတည်ငြိမ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွင် လုပ်သာကိုင်သာရှိသည့် ပတ်ဝန်းကျင် ကောင်းများကို ဖန်တီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နိုင်ငံ့စီးပွားရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ဟန်ချက်ညီစွာ ပူးပေါင်း ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မိမိတို့ဝန်ကြီးဌာန အနေဖြင့် တောင်သူလယ်သမားများ အကျိုးအမြတ်ရရှိရေး၊ ဝယ်ယူ ကြိတ်ခွဲသူများနှင့် ကုန်သည် လုပ်ငန်းရှင်များအတွက် ထိုက်သင့်သည့် အကျိုးအမြတ်ရရှိရေး၊ စားသုံးသူပြည်သူများ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေး၊ ပြည်တွင်း ဖူလုံမှုရှိစေရေးနှင့် ပို့ကုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ပြီး ဆက်လက် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ် ၁၂ ရပ်ကို ဖော်ထုတ်ခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေး ထောက်ပံ့မှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပြီး သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ဆောင်ရွက်မည့် အစီအမံများရေးဆွဲခြင်း၊ မူဝါဒများ ချမှတ်ခြင်း၊ စံလုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခြင်း၊ သီးခြားရန်ပုံငွေတစ်ရပ် ထူထောင်ခြင်း၊ အစမျိုးစမ်းသပ်ကာလ (Pilot Project) အဖြစ် စတင် ဆောင်ရွက်ခြင်းနှင့် သိုလှောင်ရုံ တည်ဆောက်ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များကို အားပေးကူညီခြင်း စသည့်လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

Pilot Project အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စီစဉ်လျှာထားဆောင်ရွက် လျက်ရှိကြောင်း၊ MyRO တွင် တောင်သူများ၊ ကုန်သည်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ပြည်ပတင်ပို့သူများ၊ ကျွမ်းကျင်ပညာရှင်များ၊ သုတေသနပညာရှင်များ၊ စားသုံးသူများ အပါအဝင် ဆန်စပါးလုပ်ငန်းနှင့် ဆက်စပ် လုပ်ကိုင်နေသူများအတွက် တစ်နေရာတည်းတွင် သတင်း အချက်အလက်များ၊ ဝန်ဆောင်မှုများ၊ မှတ်ပုံတင်သည့် လုပ်ငန်းများကို လွယ်ကူရိုးရှင်းစွာ ဖြင့်အချိန်တိုအတွင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု ဝန်ကြီးများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့မှ ဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာအသင်းအဖွဲ့များ မှတာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။ **သတင်းစဉ်**

လယ်ဝေးမြို့နယ် ရုံးတောကျေးရွာ၌ သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ရုံးတောကျေးရွာ၌ သမဝါယမ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့် သမဝါယမအသင်းသား တောင်သူများ၏ မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ပေးလျက်ရှိ

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် မြေရိုးကျောင်းစုကျေးရွာအုပ်စု ရုံးတောကျေးရွာသို့ရောက်ရှိပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ ရွှေဝါထွန်း(၂)စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းလီမိတက်အသင်းသားများနှင့် တွေ့ဆုံပြီး ကျေးရွာ၏ ရေမြေသဘာဝအခြေအနေအရ ရုံးတောကျေးရွာသည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို အခြေခံသည့် ကျေးရွာဖြစ်သည့်အတွက် ကျေးလက်နေ တစ်မိသားစုချင်း၏ ဝင်ငွေတိုးပွားရေး မိုးစပါးအပြီး ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရေး၊ ဆောင်းသီးနှံပြီးပါက နွေသီးနှံများ သီးထပ်သုံးသီး စိုက်ပျိုးနိုင်ရေး၊ နိုင်ငံတော်အစိုးရက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့် ညီမျှသော မျိုး၊ ဓာတ်မြေသြဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ အထွက်နှုန်းတိုးရေးအတွက် အမှန်တကယ် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိစိုက်ပျိုးနေသော စပါးမျိုးများ အပြင် အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့် စပါးမျိုးများကို တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်မှုသာ တောင်သူများ ဝင်ငွေတိုးပွားနိုင်မည်ဖြစ်ကြောင်း လိုအပ်သည့်စိုက်ပျိုးနည်းစနစ်နှင့် စိုက်ပျိုးရေ ရရှိရေးအတွက် မိမိတို့ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ဒေသခံပြည်သူများ၏တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်အသင်းပိုင် စိုက်ပျိုးမြေပေါ်တွင် သမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားသော မိုးစပါးများ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စိတ်တူကိုယ်တူ အသင်းသားများညှိနှိုင်း၍ တစ်ဆက်တစ်စပ်တည်း အထွက်တိုးမျိုးများကိုသာ စုပေါင်းစိုက်ပျိုးခြင်း၊ ထွက်ရှိလာသောမိုးစပါးများအား စုပေါင်းရောင်းချခြင်း၊ စျေးနှုန်းမှန်ကန်စွာရရှိရေးဆောင်ရွက်ပြီး Refund များ ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် အသင်းသားများနှင့်ညှိနှိုင်းပြီး အကျိုးအမြတ်များကို ညီတူမျှတူခွဲဝေ ဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပေါက်တောမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ပေါက်တော နိုဝင်ဘာ ၃

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် စိုင်းတုတ်ကျေးရွာအုပ်စု တောင်သူ ဦးဆန်းမောင်၏လယ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသနှင့်ကိုက်ညီသော အထွက်ကောင်းစပါးမျိုးများကို တောင်သူများ ရွေးချယ်စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ထားသည့် GW-11၊ ဆင်းသွယ်လတ်၊ ရေဆင်း-၃ စသည့် အထွက်ကောင်းစပါးမျိုးများ သုံးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် မိုးစပါးရိတ်သိမ်းပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်သန်းဌေးနှင့် ကွင်းတာဝန်ခံများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းအောင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအတွင်းရှိ စိတ်ပါဝင်စားသူ ကျေးလက်နေ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထိုသို့ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် GW-11 စပါးမျိုး ၁၆၄ ဒသမ ၈၄ တင်း၊ ဆင်းသွယ်လတ် စပါးမျိုး ၁၄၀ ဒသမ ၆၃ တင်း၊ ရေဆင်း-၃ စပါးမျိုး ၁၁၀ ဒသမ ၅၄ တင်းနှုန်းဖြင့် အစိုအထွက်တင်းထွက်ရှိကြောင်း သိရသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌဖြစ်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Nong Rong အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

ဒုတိယဝန်ကြီး ဦးလွင်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး Mr. Nong Rong နှင့် နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Nong Rong နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကို ယနေ့ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပသည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

အဆိုပါ နှစ်နိုင်ငံဆွေးနွေးပွဲတွင် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ဆက်လက်ပိုမိုခိုင်မာလာစေရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာ-တရုတ် စီးပွားရေးစကြံ့နှင့်ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းအောက်မှ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံမှ ကူညီထောက်ပံ့သွားမည့် အခြေအနေ၊ အာဆီယံနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုယန္တရား မူဘောင်အောက်တို့မှ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်သွားရေး ကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံ အပြန်အလှန်ထောက်ခံရပ်တည်သွားရေးနှင့် အကျိုးတူကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ ထို့ပြင် ဒုတိယဝန်ကြီးသည် တရုတ်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးအား မြန်မာနိုင်ငံ၏နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လက်ထောက်နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့အား M-Gallery ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

သတင်းစဉ်

(၁၀) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို နေပြည်တော်၌ လက်ခံကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

မြန်မာနိုင်ငံက (၁၀) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw ဟိုတယ်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ပါဝင်တက်ရောက်ရန် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌဖြစ်သည့် တရုတ်နိုင်ငံနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများသည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ နိုဝင်ဘာ ၂ ရက် ညနေပိုင်းတွင် ရောက်ရှိကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးက ကိုယ်စားလှယ်အဖွဲ့များအား နေပြည်တော်ရှိ Jasmine Naypyitaw ဟိုတယ်၌ ကြိုဆိုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ရာ ညစာစားပွဲတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

(၁၀) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် Jasmine Naypyitaw ဟိုတယ် သံလွင်ခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေး၌ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက်နှင့် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Nong Rong တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးသို့ ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Mr. Meas Kim Heng၊ လာအိုနိုင်ငံခြားရေး ဝန်ကြီးဌာန၊ စီးပွားရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Somboun Sihanath၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ မဲခေါင်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သံအမတ်ကြီး Ms. Pinsuda Jayanama နှင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Nguyen Thi Bich Thuy တို့ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေး၌ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနှင့် တရုတ်နိုင်ငံတို့က အဖွင့်အမှာစကားများ ပြောကြားပြီး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဆင့်မြင့် အရာရှိကြီးများက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများအပေါ် သုံးသပ်ကာ အနာဂတ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနှင့် တရုတ်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်တို့က နိဂုံးချုပ်စကားများ ပြောကြားကာ အစည်းအဝေး အောင်မြင်စွာ ပြီးဆုံးခဲ့သည်။ အစည်းအဝေးအပြီးတွင် ညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက်က အစည်းအဝေးသို့ တက်ရောက်လာကြသည့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များအား အဆိုပါဟိုတယ်၌ နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံခဲ့သည်။ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များသည် ယင်းနေ့ ညနေပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားခဲ့သည်။

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ကို ဖော်ဆောင်သွားရန်၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို လျှော့ချရန်နှင့် ဒေသတွင်း နိုင်ငံများ၏ အလုံးစုံပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး ကြိုးပမ်းမှုများကို အထောက်အကူပြုရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအဖြစ် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲဥက္ကဋ္ဌများအဖြစ် ပူးတွဲထမ်းဆောင်လျက်ရှိသည်။ **သတင်းစဉ်**

စစ်ကိုင်းတိုင်းဒေသကြီးတွင် RWS,MIS စနစ်ဖြင့် ကျေးလက်ရေပေးရေးဆိုင်ရာ အချက်အလက်ကောက်ယူထည့်သွင်းခြင်းသင်တန်း သင်ကြားပို့ချ

မုံရွာ နိုဝင်ဘာ ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း RWS,MIS စနစ်ဖြင့် ကျေးလက်ရေပေးရေးဆိုင်ရာ အချက်အလက်ကောက်ယူထည့်သွင်းနိုင်ရန်ရည်ရွယ်၍ အဆိုပါဆင့်ပွားသင်တန်းသင်ကြားပို့ချခြင်းကို နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကွပ်ကဲမှုအောက်ရှိ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ဝန်ထမ်းသင်တန်းသားသင်တန်းသူ စုစုပေါင်း ၄၁ ဦး တက်ရောက်ပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက RWS,MIS အချက်အလက်များမှတစ်ဆင့် Planning ရေးဆွဲခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ်များကို လည်းကောင်း၊ Data ကောက်ယူမည့် အစီအစဉ်များကိုလည်းကောင်း နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အထိ သင်တန်းကာလ သုံးရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား GMS ဝက်ဘ်ဆိုက် ထူထောင်ထားမှုနှင့်စပ်လျဉ်း၍ လာရောက်ရှင်းလင်းဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၃

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းအား တရုတ် ပြည်သူ့သမ္မတနိုင်ငံ ယူနန် ပြည်နယ် အခြေစိုက် The Greater Mekong River(GMS) အဖွဲ့အစည်း၏ Cross border E-commerce Cooperation Platform Enterprise Alliance ဥက္ကဋ္ဌ Mr. Yi Hong နှင့်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး GMS ဝက်ဘ်ဆိုက် ထူထောင်ထားမှု၊ ထိုဝက်ဘ်ဆိုက်တွင် စီးပွားရေးဆိုင်ရာ သတင်းများ အပါအဝင် သတင်းများ လွှင့်တင်ထားမှု၊ နိုင်ငံပေါင်း ၁၃ နိုင်ငံမှ စီးပွားရေး လုပ်ငန်းရှင်များနှင့် တရုတ်ရင်းနှီးမြှုပ်နှံသူများအတွက် သတင်းများ ယုံကြည်စိတ်ချစွာ ထားရှိ၊ ဘာသာပေါင်း ၁၃ မျိုးဖြင့် သတင်းများကြည့်ရှုနိုင်မှု၊ ဘာသာပေါင်း ၂၀ အထိ ကြေးခွဲ့ဆောင်ရွက်ရန် လျာထားမှု၊ နောင်တွင် ဘာသာပေါင်း ၂၀ အထိ တိုးချဲ့ဆောင်ရွက်ရန် လျာထားမှု၊ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ အွန်လိုင်းမှ ပစ္စည်းများ ချိတ်ဆက် ဝယ်ယူနိုင်မှုတို့နှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက လိုအပ်သည်များကို ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ GMS အဖွဲ့အစည်း၏ မြန်မာနိုင်ငံတာဝန်ခံ ဥက္ကဋ္ဌ ဒေါ်အေးသဏ္ဌာသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

Streaming Technology and Content Strategy ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြီးစီး

နေပြည်တော် နိုဝင်ဘာ ၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အာရှ-ပစိဖိတ် ဒေသတွင်း ရုပ်/သံလွှင့် အဖွဲ့အစည်း(Asia-Pacific Institute for Broadcasting Development- AIBD)တို့ ပူးပေါင်း၍ လက်ရှိ မီဒီယာအခင်းအကျင်းတွင် သမားရိုးကျမီဒီယာမှ မီဒီယာအသစ် Streaming Platform သို့ ကူးပြောင်းမှု ပညာရပ်ဆိုင်ရာ နည်းပညာများနှင့် ဗဟုသုတများကို မျှဝေရန်တို့ကို ရည်ရွယ်ကျင်းပခဲ့သည့် Workshop on Streaming Technologies and Content Strategy အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။

ပိတ်ပွဲအခမ်းအနား၌ ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြားရာတွင် ယခုဆွေးနွေးပွဲသို့ တက်ရောက်ခြင်းဖြင့် Streaming နည်းပညာ တိုးတက်ရန် မိမိတို့ Broadcast Industry က လုပ်ဆောင်နေသည့် Streaming နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ပြီး လိုအပ်သော အသိပညာနှင့် ကျွမ်းကျင်မှုများ သိရှိခဲ့ရသည့်အတွက် အလွန်အရေးပါသည့် ဆွေးနွေးပွဲဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ သုံးရက်တာကာလ ဆွေးနွေးပွဲမှရရှိလာသည့် ရလဒ်များကို online platform မှ နေ့စဉ်အစီအစဉ် ထုတ်လုပ်ခြင်းနှင့် သတင်းတင်ဆက်ခြင်း စသည့် လုပ်ငန်းခွင်များတွင် ထိထိရောက်ရောက် အသုံးချနိုင်လိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး AIBD Program Manager, Mr. Syed Nabeel Hassan Tirmazi က အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများကိုယ်စား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အင်ဂျင်နီယာမှူး ဦးဘိုဘိုထွန်းက ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရရှိခဲ့သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပို့ချသူ ကျွမ်းကျင်ပညာရှင် Mr. Abhilash Nagabhushana က တက်ရောက်လာကြသည့်သင်တန်းသားသင်တန်းသူများကိုယ်စား သင်တန်းသား ကိုယ်စားလှယ်များထံ သင်တန်းတက်ရောက်ပြီးမြောက်ကြောင်း အသိအမှတ်ပြုလွှာ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးဦးရဲတင့်ကတက်ရောက်လာကြသူများကိုယ်စား သင်တန်းသား ကိုယ်စားလှယ်များထံ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

သတင်းစဉ်

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့် အညီ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

စဉ်	စာအုပ်အမည်	စာရေးသူ	ထုတ်ဝေသူ
၁။	မျှဝေလိုသောအတွေးများ ၇	ဗန်းမော်သိန်းဖေ	ဦးဆန်းအောင်သူ၊ ပဉ္စင်္ဂစာအုပ်တိုက်
၂။	ငလက်မနှင့်နတ်မိစ္ဆာကျွန်း ဂျပန်ပုံပြင်များ	ကျော်ရင်မြင့်	ဦးဆန်းအောင်သူ၊ ပဉ္စင်္ဂစာအုပ်တိုက်
၃။	ပထမဆုံးလက်ကိုင်ဖုန်း	ဒေါက်တာအောင်(ဆေး-၂)	ဦးဖြိုးဝေ၊ သားငယ်စာပေ
၄။	ပိပိသသသန့်,သန့်,ပြန့်,ပြန့်,ဗုဒ္ဓဘာသာ	မင်းနန(မော်ကျွန်း)	ဒေါ်သန်းသန်းအေး၊ ဝန်ချတောင်စာပေ
၅။	ဧလပ်နီဝတ္ထုတိုများအမှတ်(၁)	ကြည်အေးနှင့်အခြား	ဦးမင်းထက်ဟန်၊ တောင်ဧလပ်နီစာပေ
၆။	ဧလပ်နီဝတ္ထုတိုများအမှတ်(၂)	မောင်ကြည်လင်နှင့်အခြား	ဦးမင်းထက်ဟန်၊ တောင်ဧလပ်နီစာပေ
၇။	ဧလပ်နီဝတ္ထုတိုများအမှတ်(၃)	မြသန်းတင့်နှင့်အခြား	ဦးမင်းထက်ဟန်၊ တောင်ဧလပ်နီစာပေ
၈။	ဧလပ်နီဝတ္ထုတိုများအမှတ်(၄)	ကိုငြိမ်း(မန္တလေး)နှင့်အခြား	ဦးမင်းထက်ဟန်၊ တောင်ဧလပ်နီစာပေ

ပြန်ကြားရေးဝန်ကြီးဌာန

ပုသိမ်မြို့၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းဖွင့်ပွဲ ကျင်းပ

ပုသိမ် နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး ကော်မတီမှ ကြီးမှူးဖွင့်လှစ်သော အိမ်တွင်း လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးနိုင်နှင့် သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးတို့က အမှာစကားပြောကြားခဲ့ကြသည်။

အဆိုပါ သင်တန်းသို့ ပုသိမ်မြို့နယ်နှင့်ပတ်ဝန်းကျင်ဒေသများမှ သင်တန်းသား ၂၀ တက်ရောက်ခဲ့ပြီး နိုဝင်ဘာ ၂ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ လေးပတ်ကြာ ဖွင့်လှစ် သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❖

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းနှင့်အတူ ရယူအပ်ရာသင်ခန်းစာများ

မဆုံးနိုင်တဲ့ မုန်းတီးမှုတွေနဲ့ Might is Right ခေတ်ကြီးမှာ . . . .

မြင့်မြတ်

နှစ်ထောင်ချီကြာ အရှေ့အလယ်ပိုင်းသမိုင်းနဲ့အတူ ရှည်လျားလှတဲ့ အစ္စရေး– ပါလက်စတိုင်း ပဋိပက္ခ အဆိုးသံသရာအောက်မှာ ကွဲပြားနေတဲ့ အစွန်းရောက် အမြင်တွေနဲ့ သံသယအာဃာတတွေကြောင့် တစ်ကျော့ပြန် ထတောက်ခဲ့တဲ့စစ်မီးဟာ ၂၅ ရက် ရှိသွားခဲ့ပါပြီ။

အစ္စရေး – ပါလက်စတိုင်း ပဋိပက္ခအတွင်း အစ္စရေးဘက်မှ ဂါဇာကမ်းမြောင်ဒေသဘက်သို့ ဗုံးကျဲ တိုက်ခိုက်မှုကို တွေ့ရစဉ်။

အစ္စရေးဘက်ကကော ပါလက်စတိုင်းဘက်က ပါ မပြီးနိုင်တဲ့ဆိုးမွေတွေကို မျိုးဆက်တွေထံ အတိုင်းအဆမရှိ မျှဝေဆဲပါ။ ယခုတစ်ကြိမ် အောက်တိုဘာလ ၇ ရက်နေ့က ဟားမတ်စ်တို့ စလိုက်တဲ့ ဇာတ်လမ်းကစပြီး အသိမ့်ရက်စက်တဲ့ လုပ်ရပ်များစွာနဲ့ ခါးသီးလှတဲ့ အကျိုးဆက်တွေကို အပြစ်မရှိတဲ့ အရပ်သား ကလေး၊ သက်ကြီးရွယ်အို အားလုံး အပြင်းအထန်ခံစားနေကြရပါပြီ။ အမှန်က ပါလက်စတိုင်းလူမျိုးအားလုံးဟာ ဟားမတ်စ်တွေကို ကိုယ်စားပြုနေတာမဟုတ်ပါဘူး။

ပါလက်စတိုင်းတို့ရဲ့ ideology ကိုက လွတ်လပ်သော ပါလက်စတိုင်း – အစ္စရေး နှစ်နိုင်ငံယှဉ်တွဲနေထိုင်ရေးမူကို အထိုင်ထားပြီး ဟားမတ်စ်တို့ရဲ့ရည်မှန်းချက်ကတော့ အစ္စရေးနိုင်ငံ လုံးဝပျက်သုဉ်းရေးပါ။ နိုင်ငံတကာမှာ ထားရှိသင့်တဲ့တရားမျှတမှု၊ လုံခြုံရေးအရ စိုးရိမ်ရမှုတွေကို အပြန်အလှန်အသိအမှတ်ပြုခြင်း၊ တစ်ဦးရဲ့တရားဝင်တည်ရှိမှုကို တစ်ဦးက အပြန်အလှန်အသိအမှတ်ပြုခြင်းဆိုတဲ့ ပကတိ ရှိရမယ့်အရှိတရားတွေကို မျက်ကွယ်ပြုပြီး အစွန်းရောက်အစွဲတွေရှိနေသမျှ၊ အမြော်အမြင်မရှိ လုပ်သင့်သလား၊ မလုပ်သင့်သလား ပိုင်းခြားအသိ အမှတ်ပြုတတ်တဲ့ ပညာဉာဏ်တွေကင်းနေသမျှ ဘယ်တော့မှ မငြိမ်းချမ်းဘူးဆိုတာ ကမ္ဘာ့သမိုင်းမှာ ယခင်ကလည်းပြခဲ့၊ ယခုလည်းပြသဆဲပါပဲ။

နည်းပညာကို ဖောဖောသီသီ ကိုင်ထားနိုင်ပေမယ့် အသိနဲ့ ကိုယ်ချင်းစာတရား မဖွံ့ဖြိုးတဲ့ ခေါင်းဆောင်တချို့ကြောင့် ကမ္ဘာကြီးရဲ့အနာဂတ်က မသေချာ၊ မရေရာ အခြေအနေရောက်ရပါတယ်။ အတိတ်က သမိုင်းသင်ခန်းစာမယူနိုင်ဘဲ ကိုယ့်ကိုယ်ကိုယ်သာ ချစ်တတ်တဲ့ ခေါင်းဆောင်တွေကြောင့်လည်း ကမ္ဘာကြီးမှာ ငြိမ်းချမ်းမှုကင်းမဲ့လာရခြင်းဖြစ်ပါတယ်။ ဒီလူတွေဟာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ဆက်စပ်မှုကို မသိလောက်အောင် အတွေးတိမ်နေကြသူတွေပါ။ သူတို့ဒီနေ့လုပ်ရပ်တွေဟာ အနာဂတ်အတွက် အကျိုးဆက်ဖြစ်မှာကို မသိသလိုဘဲ အနာဂတ်ကာလရောက်ရင် သူတို့ ဒီနေ့လုပ်ရပ်တွေဟာ အတိတ်သမိုင်းဖြစ်သွားမယ်ဆိုတာလည်း မေ့နေပုံရပါတယ်။ အနာဂတ်အတွက် ဆိုးမွေတွေ ထားခဲ့တဲ့ သမိုင်းတရားခံတွေ ဖြစ်မှန်းမသိဖြစ်နေပုံကို မသိနိုင်လောက်အောင် အသိခေါက်ခက် အဝင်နက်နေကြသူတွေပါ။

သမိုင်းအမွေဆိုးပေးသူတွေကြောင့် ကမ္ဘာ့ပဋိပက္ခအထိဖြစ်ပေါ်လာနိုင်

ခံစားမှုကိုရှေ့တန်းတင်၊ အယူမှား၊ အသိမှားသူတွေကြောင့် ဟားမတ်စ်တွေ ထိန်းချုပ်ထားတဲ့ ဂါဇာနယ်မြေဟာ ဖွတ်ဖွတ်ညက်ညက်ကြေနေပါပြီ။ စာရေးသူအနေနဲ့ ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်မှုမှန်သမျှကို အသိမ့်ပြုမှုမှုလို့ သုံးနှုန်းချင်ပါတယ်။

ပါလက်စတိုင်းတွေကို မူလဇာတိ ဂါဇာနယ်မြေကနေ အီဂျစ်ဆိုင်းနိုင်းသဲကန္တာရဆီ အတင်းအမမ္မောင်းထုတ်ခြင်း၊ စားရေရိက္ခာ၊ ဆေးဝါး၊ လောင်စာဖြတ်ထားခြင်း၊ ဂါဇာဒေသကို ဖုန်း၊ အင်တာနက် အကုန်ဖြတ်တောက်ပြီး ပြင်ပနဲ့အဆက်အသွယ်ဖြတ်ခြင်း၊ အရပ်သားမှန်းမသိ၊ ရန်သူမှန်းမသိ ရမ်းသန်းဗုံးကြဲ၊ ဆေးရုံမှန်း၊ ဒုက္ခသည်စခန်းမှန်းသိလျက်နဲ့ တမင်ဗုံးကြဲခြင်း၊ ရက်ပိုင်းရက်သားမွေးကင်းစပါမကျန် ကလေးတွေကို ပစ်မှတ်ထား၊ မျိုးဆက်ပြတ်အောင် အဆက်မပြတ်ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဗုံးကြဲတိုက်ခိုက်မှုတွေ ရပ်ဆိုင်းဖို့၊ အပစ်အခတ်ရပ်စဲဖို့နဲ့ လူသားချင်းစာနာတဲ့အကူအညီတွေ ပေးခွင့်ပြုဖို့ ကုလသမဂ္ဂရဲ့ အများသဘောတူဆုံးဖြတ်ချက်ကို မဖြစ်မနေလိုက်နာရမယ့်အစားကမ္ဘာ့မိသားစုကို အာခံပြီး စစ်ဆင်ရေးဒုတိယအဆင့်ကို ထပ်ပြီးဆင်နွှဲနေခြင်းဟာဖြင့် နောက်ထပ်အရပ်သားတွေ ထောင်ချီသေဆုံးနိုင်တဲ့ လူသားမဆန်တဲ့ လူမဟုတ်သူတွေရဲ့ လုပ်ရပ်ပဲလို့ ဝေဖန်ကြတာလည်း မဆန်းပါဘူး။

သေသူတွေကို ဘယ်သူဘယ်ဝါမှန်းမသိ မြေမြှုပ်နေရတဲ့အဖြစ်၊ လူတွေဟာ ကိုယ်သေသွားခဲ့ရင် မည်သူမည်ဝါမှန်းသိရအောင်၊ သင်္ဂြိုဟ်လို့ရအောင် တင်ကြိုလက်ပတ်ပတ် အမှတ်အသားလုပ်ထားကြရတယ်လို့ဆိုပါတယ်။ ယခု အစ္စရေး – ဟားမတ်စ် ပဋိပက္ခက ကမ္ဘာကြီးကိုပါ နှစ်ခြမ်းကွဲသွားစေပါတယ်။ ဘာသာရေးပါ ကွဲကုန်ရင်တော့ နောက်ပြန်လှည့်လို့ မရနိုင်တဲ့ တကယ့်အကြီးစား ကမ္ဘာလုံးဆိုင်ရာ ပဋိပက္ခကြီးအဖြစ် ပြောင်းသွားနိုင်တဲ့အခြေအနေပါ။

လက်ရှိမှာကို အမေရိကန်နဲ့ အစ္စရေးကို ရှုံ့ရှာမုန်းတီးပြီး အမေရိကန်အပါအဝင် ကမ္ဘာတစ်ဝန်းလုံးမှာ ပါလက်စတိုင်းကို ထောက်ခံတဲ့၊ ပါလက်စတိုင်းတို့နဲ့ သွေးစည်းညီညွတ်ကြောင်းပြသတဲ့ ဆန္ဒပြလှုပ်ရှားမှုများစွာ တွေ့မြင်နေကြရပါပြီ။ အရှေ့အလယ်ပိုင်းမှာ အမေရိကန်လှုပ်တာနဲ့ ဥရောပမှာ အကြမ်းဖက်မှုဖြစ်လာနိုင်တဲ့ အနေအထားတွေကို ဥရောပနဲ့ အမေရိကန်ခေါင်းဆောင်တွေ မတွက်ချင်ဘဲ တွက်ဆနေရပြီ။

ဟားမတ်စ် – အစ္စရေးစစ်မှာ အစ္စရေးဘက်က သိသိသာသာပါနေတာက အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ ဩစတြေးလျှနဲ့ အနောက်အုပ်စုနိုင်ငံတွေ ဖြစ်ပါတယ်။ အကယ်၍ စစ်က တာရှည်သွားရင် အပစ်အခတ်ရပ်စဲရေးကို ဗီတိုသုံးပယ်ချခဲ့တဲ့ အမေရိကန်နဲ့ အနောက်အုပ်စုမှာသာ တာဝန်ရှိတဲ့ သဘော ဖြစ်သွားပါလိမ့်မယ်။ ဟားမတ်စ်ဘက်မှာတော့ ပါလက်စတိုင်းအရေးလို့ သဘောထားတဲ့ အီရန်၊ ဟစ်ဇဘိုလာနဲ့ ရေနံထွက် အစ္စလာမ္မစ်နိုင်ငံအားလုံးက ပါလက်စတိုင်းဘက်က ပါနေပါတယ်။

ယခုနောက်ပိုင်းမှာ အစ္စလာမ်ကမ္ဘာကို ဦးဆောင်မယ့်နိုင်ငံဟာ အစ္စရေးကို စစ်ရာဇဝတ်ကောင် တံဆိပ်တပ်ထားတဲ့ တူကီယဲဖြစ်လာနေပြီး အီရန်နဲ့ တူကီယဲ၊ ကျန်အာရပ်နိုင်ငံတွေပါ ပူးပေါင်းပါဝင်လာရင် ဒေသတွင်းစစ်ပွဲကြီးအဖြစ်ပါ ကျယ်ပြန့်သွားနိုင်တဲ့ အလားအလာကို တွေ့မြင်နေရပါတယ်။ အမေရိကန်လူထုရဲ့ ဆန့်ကျင်အုံကြွမှုနဲ့ ရင်ဆိုင်နေရတဲ့ အမေရိကန်ဟာ နောက်ပိုင်းမှာ အစ္စရေးကို အပြစ်တင်လာပေမယ့် ဒါဟာ နောက်ကျနေပြီဖြစ်ပြီး စကားလုံးတွေနဲ့ ဟန်ပြထိန်းချုပ်ရုံထက် မပိုလောက်ပါဘူး။ ဘာပဲဖြစ်ဖြစ် အတိတ်ကဖြစ်ပျက်ခဲ့တဲ့ ပါလက်စတိုင်း – အစ္စရေးပြဿနာအဆက်ဆက်ကနေ ယခုလတ်တလောစစ်ဖြစ်ရတဲ့အထိ အခြေအနေအားလုံးဟာ နည်းမျိုးစုံနဲ့ အသတ်ဖြတ်ခံနေရတဲ့ ပါလက်စတိုင်းတွေအပေါ် မျက်ကွယ်ပြုခဲ့လွန်းတဲ့ အမေရိကန်ရဲ့ စစ်ရေးအရကော ကုလသမဂ္ဂစင်မြင့်မှာပါ အစ္စရေးဘက်လိုက်ကူညီပေးနေတဲ့ တစ်ဖက်စောင်းနင်းမူဝါဒနဲ့ ကမ္ဘာ့နိုင်ငံအားလုံးအပေါ် တစ်ပြေးညီမရှိတဲ့ double standard မူဝါဒတွေကြောင့်ပဲ ဖြစ်ပါတယ်။ ယခုနောက်ပိုင်း ဆိုးရွားလွန်းတဲ့ဖြစ်စဉ်တွေဟာ အမေရိကန်နဲ့ အစ္စရေးတို့ရဲ့ ပါလက်စတိုင်းမျိုးဆက်နဲ့ ပါလက်စတိုင်းနယ်မြေကို အပြီးအပိုင် သုတ်သင်မှုပဲလို့ ယူဆသူတွေ များလာနေပါတယ်။

အမှားကိုအမှန်၊ အမှန်ကိုအမှား မီဒီယာစစ်ပွဲသဏ္ဌာန်

အောက်တိုဘာလ ၇ ရက်နေ့ ဖြစ်စဉ်ဟာ ဟားမတ်စ်တို့က စလိုက်တာကြောင့်ဆိုတာ မှန်ပါတယ်။ ဟားမတ်စ်တို့ကြောင့် အစ္စရေးဘက်မှာ စစ်သည်အပါအဝင် လူပေါင်း ၁၄၀၀ ကျော်ခန့် သေဆုံးခဲ့ရပြီး လူ ၂၃၀ ခန့် ဓားစာခံအဖြစ် အဖမ်းခံခဲ့ရပါတယ်။ ဒါပေမဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး အောက်မှာ အမြဲတမ်းရှိနေပါတယ်ဆိုတဲ့ လူ့ယဉ်ကျေးတွေပါဆိုတဲ့ လူတွေကြောင့် ပါလက်စတိုင်းသားကလေး၈ယ် ထက်ဝက်ကျော်အပါအဝင် ၈၀၀၀ ကျော်အထိ သေဆုံးခဲ့ရပြီးဖြစ်တဲ့ နောက်ပိုင်းလုပ်ရပ်တွေကတော့ ဘယ်လိုမှတရားမျှတမှုမရှိ လူသားချင်းစာနာမှုတောင် နည်းနည်းမှမထောက်ထားနိုင်တဲ့ ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့်အထိ ကျော်လွန်နေပြီဖြစ်တဲ့ လက်စားချေလုပ်ရပ်တွေအဖြစ် နိုင်ငံတကာအသိုင်းအဝိုင်းက မြင်နေကြပါပြီ။

အနောက်အုပ်စုမီဒီယာတွေကကော ဘာထူးသလဲ။ တစ်ဖက်သတ်ပဲမဟုတ်ပါလား။ သူတို့ဖော်ပြချက်တွေထဲမှာ အစ္စရေးက အပြစ်မဲ့ ပါလက်စတိုင်းတွေကအပြစ်ရှိသူ၊ အစ္စရေးတွေရဲ့အသက်ကသာ လူ့အသက်၊ ပါလက်စတိုင်းတွေရဲ့ အသက်က လူ့အသက်တွေ မဟုတ်သယောင်၊ ကမ္ဘာကြီးမှာ အခြေအနေတွေက ပြောင်းပြန်တွေပါ၊ အနောက်တိုင်းမီဒီယာတစ်ခုရဲ့ အင်တာဗျူးတစ်ခုနဲ့ ပတ်သက်ပြီးလည်း ဆိုရှယ်မီဒီယာမှာပျံ့နှံ့သွားတဲ့ ပုံရိပ်တစ်ခုလည်းရှိပါသေးတယ်။

လွန်ခဲ့တဲ့ အောက်တိုဘာလ ၂၀ ရက်နေ့က ကလက်ဆီယာဝန်ဆိုသူ CNN နိုင်ငံတကာ သတင်းထောက်အမျိုးသမီးတစ်ဦး အီဂျစ် – ပါလက်စတိုင်းနယ်စပ်က စာမျက်နှာ ၁၁ သို့ ☆

“ ယခုနောက်ပိုင်းမှာ အစ္စလာမ်ကမ္ဘာကို ဦးဆောင်မယ့်နိုင်ငံဟာ အစ္စရေးကို စစ်ရာဇဝတ်ကောင် တံဆိပ်တပ်ထားတဲ့ တူကီယဲဖြစ်လာနေပြီး အီရန်နဲ့ တူကီယဲ၊ ကျန်အာရပ်နိုင်ငံတွေပါ ပူးပေါင်းပါဝင်လာရင် ဒေသတွင်းစစ်ပွဲကြီးအဖြစ်ပါ ကျယ်ပြန့်သွားနိုင်တဲ့ အလားအလာကို တွေ့မြင်နေရပါတယ်။ အမေရိကန်လူထုရဲ့ ဆန့်ကျင်အုံကြွမှုနဲ့ရင်ဆိုင်နေရတဲ့ အမေရိကန်ဟာ နောက်ပိုင်းမှာ အစ္စရေးကို အပြစ်တင်လာပေမယ့် ဒါဟာ နောက်ကျနေပြီဖြစ်ပြီး စကားလုံးတွေနဲ့ ဟန်ပြထိန်းချုပ်ရုံထက် မပိုလောက်ပါဘူး။ ဘာပဲဖြစ်ဖြစ် အတိတ်ကဖြစ်ပျက်ခဲ့တဲ့ ပါလက်စတိုင်း - အစ္စရေးပြဿနာအဆက်ဆက်ကနေ ယခုလတ်တလောစစ်ဖြစ်ရတဲ့အထိ အခြေအနေအားလုံးဟာ နည်းမျိုးစုံနဲ့ အသတ်ဖြတ်ခံနေရတဲ့ ပါလက်စတိုင်းတွေအပေါ် မျက်ကွယ်ပြုခဲ့လွန်းတဲ့ အမေရိကန်ရဲ့ စစ်ရေးအရကော ကုလသမဂ္ဂစင်မြင့်မှာပါ အစ္စရေးဘက်လိုက်ကူညီပေးနေတဲ့ တစ်ဖက်စောင်းနင်းမူဝါဒနဲ့ ကမ္ဘာ့နိုင်ငံအားလုံးအပေါ် တစ်ပြေးညီမရှိတဲ့ double standard မူဝါဒတွေကြောင့်ပဲ ဖြစ်ပါတယ်။ ယခုနောက်ပိုင်း ဆိုးရွားလွန်းတဲ့ဖြစ်စဉ်တွေဟာ အမေရိကန်နဲ့ အစ္စရေးတို့ရဲ့ ပါလက်စတိုင်းမျိုးဆက်နဲ့ ပါလက်စတိုင်းနယ်မြေကို အပြီးအပိုင် သုတ်သင်မှုပဲလို့ ယူဆသူတွေများလာနေပါတယ် ”

ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရှမ်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးသူငယ်များ၊ သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ကြေးပေးအပ်

ခင်မိခင်များနှင့်အသက်(၂)နှစ်အောက်က
ကိုယ်ဝန်ဆောင်မိခင်များ
ကလေးသူငယ်
ကိုယ်ဝန်ဆောင်
ကိုယ်ဝန်ဆောင်
ကိုယ်ဝန်ဆောင

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားခွဲရုံများ တည်ဆောက်/မောင်းနှင်/ထိန်းသိမ်း ပြုပြင်ခြင်း သင်တန်းအမှတ်စဉ်(၄/၂၀၂၃)နှင့် အင်ဂျင်နီယာများစီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၄/၂၀၂၃) သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားခွဲရုံများ တည်ဆောက်/မောင်းနှင်/ထိန်းသိမ်း ပြုပြင်ခြင်း သင်တန်းအမှတ်စဉ်(၄/၂၀၂၃)နှင့် အင်ဂျင်နီယာများ စီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ် (၄/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ အကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန အုပ်ချုပ်မှုအောက်ရှိ ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဦးစီးအရာရှိ (စက်/လျှပ်)၊ လက်ထောက် အင်ဂျင်နီယာ၊ လက်ထောက် မန်နေဂျာ(အင်/ယာ)၊ ဒုတိယဦးစီးမှူး(စက်/လျှပ်)၊ အငယ်တန်း အင်ဂျင်နီယာ (၂)တို့ကို စာတွေ့/လက်တွေ့၊ လေ့လာရေး ခရီးစဉ်များနှင့်အတူ ငါးပတ်ကြာ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း လက်တွေ့လုပ်ငန်းခွင်တွင် အသုံးပြုနိုင်ရန်အတွက် လျှပ်စစ်ဆိုင်ရာ စာတွေ့/လက်တွေ့ ပညာရပ်များ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များကို သင်ကြားပို့ချပေးခဲ့ပြီး ဖြစ်သည့်အတွက် လက်တွေ့ နယ်ပယ်တွင် ထိရောက်စွာ အသုံးပြုသွားရန် လိုကြောင်း၊ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း စနစ်တကျရှိစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများနှင့်အညီ ချင့်ချိန်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူလုပ်ငန်းများ ကြန့်ကြာမှု မရှိစေရေး တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်သွားရန်နှင့် Check၊ Recheck၊ Counter Check ဖြင့် စနစ်တကျဆောင်ရွက်ရန် လိုကြောင်း၊ နေ့စဉ်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို Check List များထား၍ ဆောင်ရွက်ရန်လိုကြောင်း၊ သင်တန်းမှရရှိသည့် အသိပညာ၊ အတွေ့အကြုံ ကောင်းများကို ဆက်လက်လေ့လာဆည်းပူးရင်း ပြည်သူကို လျှပ်စစ်ဓာတ်အားဖြင့် အကျိုးပြုနိုင်ပြီး နိုင်ငံတော်၏အကျိုးကို ကောင်းမွန်စွာ သယ်ပိုးဆောင်ရွက်နိုင်သည့် အင်ဂျင်နီယာကောင်းများ ဖြစ်လာကြစေရန် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက သင်တန်းများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ထူးချွန်ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်ပြီး ဌာနအကြီးအကဲများက သင်တန်းသားများထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီးဦးမြင့်နောင် "အာဆီယံ-တရုတ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ဆောင်မှုဆိုင်ရာဖိုရမ် ၂၀၂၃" ဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် နိုဝင်ဘာ ၃

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိ ကျင်းပသည့် "အာဆီယံ-တရုတ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ဆောင်မှုဆိုင်ရာဖိုရမ် ၂၀၂၃" အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အလုပ်သမားနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ တရုတ်နိုင်ငံမှ အာဆီယံသံအမတ်များနှင့် ကောင်စစ်ဝန်များ၊ China–ASEAN Center မှ ခေါင်းဆောင်များ၊ တရုတ်နိုင်ငံ လူ့စွမ်းအား အရင်းအမြစ်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ခေါင်းဆောင်များ၊ ကွမ်ရီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာ ယနေ့ကမ္ဘာပေါ်တွင် ကမ္ဘာလုံးဆိုင်ရာပေါင်းစည်းလာမှု၊ ရာသီဥတုပြောင်းလဲလာမှု၊ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်လာမှု၊ ပထဝီအနေအထားပြောင်းလဲလာမှု ဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာသော စက်မှုလှိုင်းလုံးများ၏ အဓိကပဲ့ကိုင်ရှင်များမှာ လူ့စွမ်းအားအရင်းအမြစ်များသာ ဖြစ်ကြောင်း၊

မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာနသည် ဒေသတွင်းနိုင်ငံများနှင့်အညီ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ မူဝါဒထိန်းကျောင်းမှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းရှင်အဖွဲ့အစည်းများအပါအဝင် လုပ်ငန်းရှင်များ၏ အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်သမားအဖွဲ့အစည်းများ အပါအဝင် မြန်မာလုပ်သားထု တစ်ရပ်လုံး၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် လိုအပ်သည့် လုပ်သားဈေးကွက် အခြေပြု လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ခေတ်ကာလနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ လုပ်ငန်းစဉ်များ၊ မူဝါဒများ အကောင်အထည်ဖော်ရန်နှင့် စိန်ခေါ်မှုများ ကျော်လွှားနိုင်ရန်အတွက် ဝန်ကြီးဌာနက ချမှတ်ထားသည့် မျှော်မှန်းချက်မှာ အလုပ်သမားရေးရာ ဥပဒေများနှင့်အညီ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းနှင့် ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ရေး လူမှုစီးပွားဖွံ့ဖြိုး တိုးတက်မှုအတွက် နိုင်ငံတကာလုပ်သားများ ရွှေ့ပြောင်းခြင်း၏ အရေးပါသော အခန်းကဏ္ဍကို မြန်မာအစိုးရအနေဖြင့် အသိအမှတ်ပြုဆောင်ရွက်လျက်ရှိကြောင်း။

တရုတ်နိုင်ငံက လက်ရှိဆောင်ရွက်နေသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများသည် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မူဝါဒများနှင့် တူညီကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် သက်မွေးပညာနှင့် နည်းပညာ လေ့ကျင့်သင်ကြားမှု၊ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစစ်ဆေးမှုနှင့် နိုင်ငံအလိုက် အမျိုးသားအရည်အသွေး မူဘောင်သတ်မှတ်မှု ကဏ္ဍများ တူညီမှုရှိကြောင်း။

ဖိုရမ်အခမ်းအနားတက်ရောက်ခြင်းဖြင့် ရရှိလာသည့် အချက်အလက်များကို မူတည်ပြီး တရုတ်နှင့် အာဆီယံနိုင်ငံများအကြား လူ့စွမ်းအားအရင်းအမြစ်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်မှုနည်းစနစ်နှင့် ပတ်သက်သော အတွေ့အကြုံနှင့် နည်းပညာများဖလှယ်ခြင်း၊ လေ့ကျင့်ရေးနည်းပြများ အရည်အသွေးပြည့်ဝစေရေးအတွက် သင်တန်းများဖွင့်လှစ်ပေးခြင်း စီမံကိန်းများကို တရုတ်နိုင်ငံ၏ ဦးဆောင်မှုဖြင့် ရေရှည်လုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ပြည်သူများအကြား ကာလကြာရှည် ဆွေမျိုးပေါက်ဖော်ရင်းနှီးချစ်ကြည်မှုရှိသည့် နိုင်ငံများဖြစ်ကြပြီး တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေရင်းချာနိုင်ငံ ဖြစ်သည့်အတွက် အနာဂတ်တွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့သည် Howard Johnson Hotel အစည်းအဝေးခန်းမ၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဝန်ကြီး Mrs. Baykham Kha Hiya ဦးဆောင်သော အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံနယ်စပ်ရှိ အလုပ်လုပ်ကိုင်နေသော မြန်မာနှင့် လာအိုနိုင်ငံသား အလုပ်သမားများအကြား နှစ်နိုင်ငံတည်ဆဲအလုပ်သမား ဥပဒေများနှင့်အညီ အလုပ်အကိုင် အခွင့်အလမ်းများ တရားဝင်ရရှိစေရေး၊ အလုပ်သမား အဝင်/အထွက် စည်းကြပ်နိုင်ရေး နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးဆောင်ရွက်သွားနိုင်ရေး၊ နှစ်နိုင်ငံ ခေါင်းဆောင်များ၏ လမ်းညွှန်ချက်များနှင့်အညီ အလုပ်သမားများ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါဖိုရမ်တွင် ပါဝင်သည့် အဓိကဖိုရမ် တစ်ခု၊ ဖိုရမ်ခွဲ သုံးခု၊ ပြပွဲ ငါးခုနှင့် အလုပ်အကိုင်ပြပွဲ တစ်ခုတို့တွင် တက်ရောက်လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရေကြည်မြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများကျင်းပ

ရေကြည် နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မြို့နယ်ပြည်သူ့အားကစားကွင်းနှင့် မိုးလုံလေလုံ အားကစားခန်းမတို့၌ ယနေ့ နံနက် ၈ နာရီက ရေကြည်မြို့နယ်၏ အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသားရေးလှုပ်ရှားမှုအနေဖြင့် အားကစားပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲများကို ကျောင်းသားအားကစားပွဲတော် ကျင်းပနိုင်ရေးအတွက် မြို့နယ်အဆင့်ကျင်းပခြင်းဖြစ်ပြီး ပိုက်ကျော်ခြင်း၊ စားပွဲတင် တင်းနစ်၊ ဘော်လီဘော၊ ကြက်တောင်နှင့် ဘောလုံးပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

ထိုင်းဓားစာခံများ ပြန်လည်လွှတ်ပေးရေး ထိုင်းဝန်ကြီးချုပ်နှင့် အစ္စရေးဝန်ကြီးချုပ်တို့ ဖုန်းမှတစ်ဆင့် ဆွေးနွေး

ဗန်ကောက် နိုဝင်ဘာ ၃

ထိုင်းဝန်ကြီးချုပ် သာဗီဆင်က ဟားမတ်စ်တို့ဖမ်းဆီးထားသည့် ထိုင်းဓားစာခံများ ပြန်လည်လွှတ်ပေးရေးနှင့်ပတ်သက်ပြီး အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် ဖုန်းမှတစ်ဆင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထိုင်းဓားစာခံများ ပြန်လည်လွှတ်ပေးရေးဆိုင်ရာ ညှိနှိုင်းရေးကိစ္စရပ်များအတွက် ဆွေးနွေးပွဲများ အရှိန်မြှင့်လုပ်ဆောင်ရန်လည်း ထိုင်းဝန်ကြီးချုပ် သာဗီဆင်က တိုက်တွန်းပြောကြားသည်။

ထို့ပြင် ဓားစာခံများ ဘေးကင်းပြီး အမြန် ပြန်လွှတ်ပေးရေးအတွက် မည်သည့်အကူအညီကို မဆို ကြိုဆိုပါကြောင်း ထိုင်းဝန်ကြီးချုပ် သာဗီဆင်က အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုကို ပြောကြားသည်။

ထိုင်းနိုင်ငံသားအားလုံး ပြန်လည်လွှတ်မြောက်ရေးအတွက် အပြည့်အဝထောက်ခံပါကြောင်း နေတန်ယာဟုက ကတိပြုပြောကြားခဲ့သည်။

ဓားစာခံများ ပြန်လည်လွှတ်မြောက်ရေးအတွက် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဘာဟီဒါ နူကာရာကိုလည်း အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်ခဲ့သည်။ ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဘာဟီဒါနူကာရာသည် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဆာမက်ရ်ရှောင်ကရီနှင့် အောက်တိုဘာ ၃၁ ရက်တွင် ကိုင်ရိုမြို့တော်၌ တွေ့ဆုံခဲ့သည်။

အီဂျစ်နိုင်ငံသည် ဂါဇာကမ်းမြောင်နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ ဓားစာခံများကို ရာဖာနယ်စပ်ဖြတ်ကျော်ပြီး ခေါ်ဆောင်ရန်အတွက် အီဂျစ်နိုင်ငံကို ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဘာဟီဒါ နူကာရာက အကူအညီတောင်းခံခဲ့သည်။ ထို့ပြင် ဘာဟီဒါ နူကာရာက ကာတာနှင့် အီရန် နိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံခဲ့ပြီး ၎င်းတို့၏ ထောက်ခံမှုအပြည့်အဝပေးရန်လည်း တောင်းဆိုခဲ့သည်။

ဟားမတ်စ်အဖွဲ့သည် အောက်တိုဘာ ၇ ရက်က အစ္စရေးနိုင်ငံ၌ ပြင်းထန်သော အကြမ်းဖက်တိုက်ခိုက်မှုတစ်ခု ပြုလုပ်ခဲ့ချိန်တွင် ထိုင်းနိုင်ငံသား ၂၂ ဦးကို ပြန်ပေးဆွဲသွားခဲ့ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဌာနက အတည်ပြုပြောကြားသည်။

ကိုးကား – အင်နိုအိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

ဂါဇာဒေသ၌ အပစ်အခတ်ရပ်စဲရေး တရုတ်နိုင်ငံခြားရေးဝန်ကြီး တောင်းဆို

ပေကျင်း နိုဝင်ဘာ ၃

အစ္စရေး–ပါလက်စတိုင်း ပဋိပက္ခကို အရှိန်လျှော့ချရန်နှင့် ဂါဇာတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ပြုလုပ်ရန် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက နိုဝင်ဘာ ၂ ရက်တွင် တောင်းဆိုခဲ့သည်။

မှတ်ချက်ပြုပြောကြား

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်လည်းဖြစ်သည့် ဝမ်ယိသည် ဂျော်ဒန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Ayman Safadi နှင့် ဖုန်းဖြင့် စကားပြောဆိုရာတွင် အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ရှိ ဒုက္ခသည်စခန်းများတိုက်ခိုက်ခံရခြင်းကို တရုတ်နိုင်ငံက ပြင်းပြင်းထန်ထန် ရှုတ်ချကြောင်း ဝမ်က ပြောကြားသည်။ ပါလက်စတိုင်းနှင့် အစ္စရေးနိုင်ငံသားများ၏ ဘဝများသည် တူညီစွာအရေးကြီးပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဘေးဒုက္ခ ဆက်လက်မဖြစ်ပွားသင့်ကြောင်း ၎င်းက ပြောကြားသည်။

ပါလက်စတိုင်း–အစ္စရေးငြိမ်းချမ်းရေး ဆွေးနွေးပွဲများ မြှင့်တင်ရန်နှင့် ပါလက်စတိုင်း–အစ္စရေးအရေး ဂျော်ဒန်၏ အပြုသဘောဆောင်သည့် ရေရှည်ကြိုးပမ်းအားထုတ်မှုကို ကျေးဇူးတင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုဆိုင်ရာ အရေးကြီးအဆိုပြုချက်တွင် အာရပ်နိုင်ငံများအား တရုတ်နိုင်ငံက ထောက်ခံကြောင်း ဝမ်က ပြောကြားခဲ့သည်။ ယခုလတွင် လုံခြုံရေးကောင်စီ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် တရုတ်နိုင်ငံသည် အစ္စရေး–ပါလက်စတိုင်း နှစ်ဖက်စလုံးနှင့် နီးကပ်စွာ ဆက်သွယ်ညှိနှိုင်းကာ အခြေအနေကို အမြန်ဆုံးအေးချမ်းစေရန်အတွက် လုံခြုံရေးကောင်စီတွင် သဘောတူညီမှုရရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားခဲ့သည်။

ပထမဦးစွာ မိမိတို့သည် အပစ်အခတ်ရပ်စဲရေးဆီသို့ ဦးတည်လုပ်ဆောင်ရမည်ဖြစ်ပြီး လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို အတားအဆီးမရှိ ဝင်ရောက်နိုင်စေရန်အတွက် ဆောင်ရွက်ရန်လိုအပ်သည်ဟု ဝမ်က ပြောကြားခဲ့သည်။ တစ်ချိန်တည်းတွင် နိုင်ငံတကာငြိမ်းချမ်းရေး ညီလာခံတစ်ရပ်ကို အမြန်ဆုံးခေါ်ယူကျင်းပသင့်ကြောင်းလည်း ၎င်းက ထပ်လောင်း ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးသည် တစ်ခုတည်းသော ရွေးချယ်ခွင့်ဖြစ်ပြီး အရပ်သားများကို အန္တရာယ်ဖြစ်စေသည့် လုပ်ရပ်အားလုံးကို ဂျော်ဒန်က ရှုတ်ချကြောင်းနှင့် အပစ်အခတ်ရပ်စဲရေးအပါအဝင် ဂါဇာဒေသသို့ လူသားချင်းစာနာမှု အကူအညီများ အခမဲ့ပေးပို့ရန် တောင်းဆိုခဲ့သည်ဟု ဂျော်ဒန်နိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး အေမန်ဆဖာဒီက မှတ်ချက်ပြုပြောကြားခဲ့သည်။ ဂျော်ဒန်နိုင်ငံသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ကာကွယ်ရန်အတွက် တရုတ်နိုင်ငံနှင့် လက်တွဲလုပ်ဆောင်ရန် ဆန္ဒရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

တရုတ်နိုင်ငံက အန္တာတိကဒေသတွင် သုတေသနစခန်းတည်ဆောက်မည်

မော်စကို နိုဝင်ဘာ ၃

တရုတ်နိုင်ငံသည် အန္တာတိကဒေသတွင် သိပ္ပံပညာဆိုင်ရာစူးစမ်းလေ့လာမှုများ ဆောင်ရွက်ရန် သုတေသနစခန်းတစ်ခုကို ၂၀၂၄ခုနှစ်ဖေဖော်ဝါရီလတွင် အပြီးသတ်တည်ဆောက်မည်ဖြစ်ကြောင်း ဂလိုဘယ်တိုင်းစ် သတင်းစာက ပြောကြားသည်။ ၎င်းသုတေသနစခန်းကို အန္တာတိကဒေသ ရော့စ်ပင်လယ်ကမ်းရိုးတန်းဒေသတွင် တည်ဆောက်မည်ဖြစ်သည်။

၎င်းသုတေသနစခန်းတည်ဆောက်ရန် တရုတ်အဖွဲ့အစည်း ၈၀ မှ သုတေသီ ၄၆၀ ကျော်နှင့်အတူ ဝင်ရိုးစွန်းရေခဲခွဲသင်္ဘောနှစ်စင်းနှင့် အခြေစိုက်စခန်းအတွက် ဆောက်လုပ်ရေးပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်သင်္ဘောတစ်စင်းတို့ ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

၎င်းသုတေသနစခန်း တည်ဆောက်ခြင်းအပြင် လေ့လာရေးအဖွဲ့တစ်ဖွဲ့သည် အန္တာတိကဒေသဂေဟာစနစ်အပေါ် ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုတွင် အန္တာတိကဒေသ၏ အကျိုးသက်ရောက်မှုဆိုင်ရာအခန်းကဏ္ဍကို လေ့လာမည်ဖြစ်သည်။ ထို့ပြင် ဂေဟစနစ်၊ လေထုညစ်ညမ်းမှုနှင့် ရေရှည်မူအခြေအနေများကို စောင့်ကြည့်လေ့လာမည်ဖြစ်သည်။ ၎င်းအန္တာတိကဒေသရှိ သုတေသနစခန်းသစ်တွင် ဂြိုဟ်တုမြေပြင်စခန်းတစ်ခုပါရှိမည်ဖြစ်ပြီး တရုတ်နိုင်ငံ၏ အန္တာတိကဒေသ စူးစမ်းလေ့လာရေးကို အကူအညီပေးနိုင်မည်ဖြစ်သည်။

ကိုးကား – စပွတ်ဥစ်
ဘာသာပြန် – စိုးသူရ

တရုတ်နိုင်ငံ၌ ပလတ်စတစ်ထုတ်ကုန်အစားထိုးအဖြစ် ဝါးထုတ်ကုန်ပစ္စည်းအသုံးပြုမှု မြှင့်တင်မည်

ပေကျင်း နိုဝင်ဘာ ၃

တရုတ်နိုင်ငံသည် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို တားဆီးရန်အတွက် ပလတ်စတစ်ထုတ်ကုန်အစားထိုးအဖြစ် ဝါးထုတ်ကုန်အသုံးပြုမှုကို မြှင့်တင်ရန် သုံးနှစ်စီမံကိန်းကို စတင်ခဲ့ကြောင်း သိရသည်။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်အပါအဝင် ပြည်နယ်အဖွဲ့အစည်းများမှ ထုတ်ပြန်သည့် အစီအစဉ်အရ ၂၀၂၅ ခုနှစ်အရောက်တွင် ပလတ်စတစ်အစားထိုးအဖြစ်အသုံးပြုသည့် ဝါးဆိုင်ရာထုတ်ကုန်ပစ္စည်းများသည် ၎င်းတို့၏ အရည်အသွေးအမျိုးမျိုး၊ အတိုင်းအတာနှင့် အမြင်တ်အစွန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။

၎င်းစီမံချက်နှင့်အတူ ပလတ်စတစ်ပစ္စည်းများကို ဝါးဖြင့် အစားထိုးမည့် အဓိကပစ္စည်းများစာရင်းကိုလည်း ထုတ်ပြန်ခဲ့သည်။

၎င်းအစီအစဉ်အရ ဝါးထုတ်ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှု၊ ထုတ်လုပ်မှု၊ ရောင်းချရေးကဏ္ဍနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မည်ဖြစ်သည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

နိုင်ငံတကာ ဉာဏ်ရည်တုနည်းပညာ ဘေးကင်းလုံခြုံရေး ထိပ်သီးအစည်းအဝေး ကျင်းပ

လန်ဒန် နိုဝင်ဘာ ၃

နိုင်ငံတကာ ဉာဏ်ရည်တုနည်းပညာဘေးကင်းလုံခြုံရေး ထိပ်သီးအစည်းအဝေး (AI Safety Summit)ကို အင်္ဂလန်နိုင်ငံရှိ Bletchley ပန်းခြံတွင် ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါထိပ်သီးအစည်းဝေးသို့ နိုင်ငံနှင့် ဒေသပေါင်း ၂၉ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ အစည်းအဝေးတက်ရောက်လာသူများက ဆိုက်ဘာလုံခြုံရေးနှင့် ဇီဝနည်းပညာအတွက် ဉာဏ်ရည်တုနည်းပညာကို ထိန်းကျောင်းသွားမည့် နည်းလမ်းကောင်းများနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဉာဏ်ရည်တုနည်းပညာက လူသားမျိုးနွယ်အပေါ် မည်ကဲ့သို့ ကူညီထောက်ပံ့မှုများ ပေးနိုင်မည်လဲဆိုသည့် ကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

ဗြိတိန်ဝန်ကြီးချုပ် ဆူနက်နှင့် အမေရိကန်ဒုတိယသမ္မတ ကမ်မလာဟဲရစ်တို့ကလည်း စားသုံးသူများ၏ ကိုယ်ရေးကိုယ်တာဆိုင်ရာ ခြိမ်းခြောက်မှုများနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့သည်။ ဉာဏ်ရည်တုနည်းပညာသုံး ထုတ်ကုန်များ မထုတ်လုပ်မီ ကြိုတင်စမ်းသပ်မှုများဆောင်ရွက်ရန် သုတေသနစင်တာများ တည်ထောင်ရန် သဘောတူခဲ့ကြသည်။

ကိုးကား – အင်နိုအိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများ ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား စေတနာရှင်ပြည်သူများက ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

ပဲခူး နိုဝင်ဘာ ၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား စေတနာရှင်ပြည်သူများက ကူညီထောက်ပံ့သည့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုသည့် အနေဖြင့် ဒေသခံပြည်သူများက အပြန်အလှန် ကျေးဇူးတရားနားလည်ပြီး ထောက်ပံ့ငွေများ လာရောက်ပေးအပ်မှု အပေါ် အထူးဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဌာနဆိုင်ရာများ၏ ထောက်ပံ့ငွေများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် စေတနာရှင်ပြည်သူများ၏ ထောက်ပံ့ငွေများကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာများ၊ စေတနာရှင် ပြည်သူများ စုပေါင်း၍ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေး နှင့် လုံခြုံရေးကိစ္စများကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ ငွေကျပ် ၂၇ဒသိန်း ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်သူလူထုက ဒံပေါက်ဘူးများပေးပို့လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၃

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် ဒံပေါက်ဘူးများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။









ပေးအပ်လှူဒါန်း

ယနေ့တွင် စေတနာရှင် ပြည်သူများက မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများကို ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများကို ရန်ကုန်မြို့မှတစ်ဆင့် မြစ်ကြီးနားမြို့နှင့် လားရှိုးမြို့သို့ တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆုတောင်းမေတ္တာ စာလွှာများပါရှိ

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရှင်လန်းစေကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းစေကြောင်း၊ တရားသောစစ်အောင်မြင်ပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သိရသည်။

အဆိုပါ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ရောက်ရှိလာသည့် ဒံပေါက်ဘူးများကို တာဝန်ရှိသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Hteehlaing Shin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မြို့သစ်(၄) ရပ်ကွက်နေ ဇင်ကိုဦး အား နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

KIA အဖွဲ့အနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ စစ်ရေးနှင့်မသက်ဆိုင်သော ရထားလမ်း၊ ကားလမ်းများနှင့် တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ နယ်မြေလုံခြုံရေးစခန်းငယ်များအား အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်လာသဖြင့် တပ်မတော်က လိုအပ်သည့် တုံ့ပြန်မှုများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၃

KIA အဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် လိုက်ပါဆောင်ရွက်ခြင်းမရှိသည့်အပြင် နယ်စပ်ဒေသကုန်သွယ်ရေး ပျက်စီးစေရန်နှင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရေးစသည့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားကို ထိခိုက်ပျက်စီးစေလိုသော ရည်ရွယ်ချက်များဖြင့် ကချင်ပြည်နယ်အတွင်း စစ်ရေးနှင့်မသက်ဆိုင်သော လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်လာခဲ့သည်။

KIA အဖွဲ့၏ ရထားလမ်းများအား မိုင်းထောင်ဖောက်ခွဲမှုအနေဖြင့် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ၏ မြောက်ဘက်နှစ်မိုင်ခန့်အကွာရှိ မြစ်ကြီးနား – မန္တလေး သွားမီးရထားလမ်းပေါ်မှ အရှည်ပေ ၁၂၀ ရှိ တံတားအမှတ် (၅၅၅)အား ၂၀၂၁ ခုနှစ် ဧပြီ ၁၇ ရက်တွင်လည်းကောင်း၊ ဟိုပင်မြို့ ကြာကြီးကွင်းကျေးရွာအုပ်စု ငါးမိုင်ကျေးရွာ၏ မြောက်ဘက်မီတာ ၈၀၀ ခန့်အကွာ တံတားအရှည်ပေ ၃၂၀ ရှိ နန်းခွင်ချောင်း သံဘေလီ ရထားလမ်းကူးတံတားအား ၂၀၂၃ ခုနှစ် အောက်တိုဘာ ၆ ရက်တွင်လည်းကောင်း၊ ဟိုပင်မြို့ မြို့သစ်ကလေးကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၅၀၀ ခန့်အကွာ တံတားအရှည်ပေ ၈၀ရှိ ရေပေါက်ကြီး ရထားလမ်းကူးတံတားနှင့် တံတားအရှည်ပေ ၄၀ ရှိ နန်းသာယာ ရထားလမ်းကူးတံတားတို့ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင်လည်းကောင်း ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။

အလားတူ ကားလမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲမှုအနေဖြင့် ဟိုပင်မြို့၏ မြောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာ မိုးညှင်း–ဟိုပင်–မိုးကောင်း–မြစ်ကြီးနား သွားကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၃၅၆/၃၅၇) နေရာ တံတားအရှည်ပေ ၅၀ ရှိ တဝက်ချောင်းကူး ကွန်ကရစ်တံတား (ကားလမ်း)နှင့် တံတားအရှည်ပေ ၂၀ရှိ တဝက်ချောင်းကူးတံတား (ရထားလမ်း)တို့ကို ၂၀၂၁ ခုနှစ် ဧပြီ ၂၇ ရက်တွင်လည်းကောင်း၊ ရွှေကူမြို့ အမှတ်(၂) ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက် ဆက်စပ်နေရာ အရှည်ပေ ၅၀ ရှိ ပေါင်းနက်ချောင်းကူးတံတားကို ၂၀၂၁ ခုနှစ် မေ ၄ ရက်တွင်လည်းကောင်း၊ ကသာမြို့နယ် ချောင်းဝကျေးရွာနှင့် ရွှေကူမြို့နယ် မင်းကျောင်းကုန်းကျေးရွာကို ဆက်သွယ်ထားသည့် ကောက်ကွေ့ချောင်းကူး ကွန်ကရစ်တံတားအား ၂၀၂၁ ခုနှစ် မေ ၉ ရက်တွင်လည်းကောင်း၊ မြစ်ကြီးနားမြို့ နန်းကွေ့ကျေးရွာအုပ်စု နောင်ပုံကျေးရွာအနီး မြစ်ကြီးနား – မန္တလေး သွားကားလမ်းပေါ် အရှည်ပေ ၆၀ ရှိ သံပေါင်ဘေလီတံတားအမှတ် (၇၂၂) အား ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင်လည်းကောင်း ဖောက်ခွဲ ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် လမ်း၊ တံတားများတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော လုံခြုံရေး တပ်ဖွဲ့ဝင်များအား ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ စစ်ရေးနှင့်မသက်ဆိုင်သော ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ အသုံးပြု သွားလာလျက်ရှိသော ရထားလမ်း၊ ကားလမ်းနှင့် တံတားများကို ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် တိုင်းရင်းသားပြည်သူလူထု၏ သွားလာရေးကို အခက်အခဲဖြစ်ပေါ်စေပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး အပေါ်များစွာ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့သည်။

ထို့အပြင် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေး ညှိနှိုင်းဆဲကာလအတွင်း တပ်စခန်းများကို တိုက်ခိုက်ခြင်းများ မပြုလုပ်ရန် အကြိမ်ကြိမ် ဆက်သွယ်အသိပေး ပြောကြားခဲ့သော်လည်း KIA အနေဖြင့် တပ်မတော်၏ တပ်စုအဆင့် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် စခန်းငယ်များကိုလည်း သာလွန်အင်အားအသုံးပြု၍ အလစ်အငိုက် တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့ပြီး အဆိုပါ တပ်စခန်းများသို့ KIO အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဝွမ်မော်ကိုယ်တိုင် သွားရောက်ကြည့်ရှုစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည်။

ၜင်းအပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လတ်တလောဖြစ်ပွားနေသည့် တိုက်ပွဲများတွင်လည်း ပါဝင်ပတ်သက်ခြင်း မပြုလုပ်ရန် အသိပေးအကြောင်းကြားခဲ့သော်လည်း KIA အဖွဲ့အနေဖြင့် တပ်မတော်၏ အသိပေးအကြောင်းကြားထားမှုအပေါ် မသိကျိုးကျွန်ပြုကာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် KIA အဖွဲ့အနေဖြင့် မြန်မာ–တရုတ်နှစ်နိုင်ငံနယ်စပ်အနီးတွင် လက်နက်၊ ခဲယမ်းစက်ရုံများ တည်ဆောက်၍ လက်နက်၊ ခဲယမ်းများ ထုတ်လုပ်ကာ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရာတွင် အသုံးပြုသကဲ့သို့ ပြည်တွင်းရှိ အကြမ်းဖက်အဖွဲ့များကိုလည်း အဖျက်အမှောင့်နှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် နောက်ကွယ်မှ လက်နက်၊ ခဲယမ်းများပံ့ပိုးခြင်း၊ အားပေး အားမြှောက်ပြုခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် တပ်မတော်အနေဖြင့် ယခုကဲ့သို့ အကြမ်းဖက်မှုလုပ်ရပ်များ ထပ်မံကျူးလွန်လာခြင်းများ မရှိစေရန်အတွက် ပြန်လည် တုံ့ပြန်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ထပ်မံ၍ ပြည်သူလူထုနှင့်ပတ်သက်၍ နှောင့်ယှက်ထိပါးစေသော အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လာခြင်း၊ လုံခြုံရေးစခန်းများကို တိုက်ခိုက်ခြင်းများ ဆောင်ရွက်လာပါက လိုအပ်သော ပြန်လည်တုံ့ပြန်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တပ်စုအဆင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်၏ စခန်းငယ်တစ်ခုကို အင်အားအလုံးအရင်းဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး KIO အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဝွမ်မော်ကိုယ်တိုင် လာရောက်ကြည့်ရှုခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

မြစ်ကြီးနား–မန္တလေး သွားမီးရထားလမ်းပေါ်မှ အရှည်ပေ ၁၂၀ ရှိ တံတားအမှတ် (၅၅၅)ကို KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးနေသည့် မှတ်တမ်းဓာတ်ပုံ။

တံတားအရှည် ပေ ၃၂၀ ရှိ နန်းခွင်ချောင်း သံဘေလီရထားလမ်းကူးတံတားကို KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးနေသည့် မှတ်တမ်းဓာတ်ပုံ။

တံတားအရှည် ပေ ၈၀ ရှိ ရေပေါက်ကြီး ရထားလမ်းကူးတံတားကို KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးနေသည့် မှတ်တမ်းဓာတ်ပုံ။

တံတားအရှည် ပေ ၄၀ ရှိ နန်းသာယာ ရထားလမ်းကူးတံတားကို KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးနေသည့် မှတ်တမ်းဓာတ်ပုံ။

ရွှေကူ–ကသာသွားကားလမ်းပေါ်ရှိကောက်ကွေ့ချောင်းကူးတံတားကို KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးနေသည့် မှတ်တမ်းဓာတ်ပုံ။

တံတားအရှည် ပေ ၅၀ ရှိ တဝက်ချောင်းကူး ကွန်ကရစ်တံတား(ကားလမ်း) ကို KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးနေသည့် မှတ်တမ်းဓာတ်ပုံ။

တံတားအရှည်ပေ ၂၀ ရှိ တဝက်ချောင်းကူး ကွန်ကရစ်တံတား(ရထားလမ်း) ကို KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးနေသည့် မှတ်တမ်းဓာတ်ပုံ။

မြစ်ကြီးနားမြို့ နောင်ပုံကျေးရွာအနီး မြစ်ကြီးနား– မန္တလေးသွားကားလမ်းပေါ်မှ တံတားအရှည် ပေ ၆၀ ရှိ သံဘေလီတံတားအမှတ် (၇၂၂) ကို KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးနေသည့် မှတ်တမ်းဓာတ်ပုံ။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး ဒကွိုဏာသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်များအတွင်း စည်ပင်သာယာရေးလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဒကွိုဏာသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်များအတွင်း စည်ပင်သာယာရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဒကွိုဏာသီရိမြို့နယ် သံတမန်ဇုန်အတွင်းရှိ သစ်ခွလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရေး စနစ်တကျ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏မြောက်ဘက် ဘုရားပွဲဆောင်ရွက်မည့် ကွင်းမြေနေရာ၌ မြေညီ၊ မြေဖြန့်ခြင်းလုပ်ငန်းဆောင်ရွက်ထားမှု၊ ဘုရားဖူးလာရောက်သည့် ပြည်သူများအဆင်ပြေစေရန် ယာဉ်ရပ်နားကွင်းတည်ဆောက်ရန် နေရာနှင့် ပန်းအရောင်းဆိုင်၊ စားသောက်ဆိုင်၊ အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များ တည်ဆောက်ရန် လျာထားမြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ရာဇသင်္ဘာလမ်းမကြီးမှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်နိုင်သောလမ်းဖြစ်သည့် ရွှေကြာပင်လမ်းနှင့် သစ်ခွလမ်းတို့၏ လမ်းဘေးဝဲ/ယာဉ်မြက်ချုံများရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ်ရှိ ရာဇသင်္ဘာလမ်းမကြီးနှင့် ဇရာဝတီလမ်းထောင့်၌ သန့်ရှင်းသာယာလှပရေးအတွက် ကျောက်စီရေမြောင်းနှင့် ရေဆင်းမြောင်းများ ဆောင်ရွက်ထားရှိမှု၊ အလှမြက်ခင်းများ စိုက်ပျိုးဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ငွေဆောင်မြို့ မြို့မစျေးတွင် မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းနှင့် မီးဘေးသတိပေးနှိုးဆော်

ငွေဆောင် နိုဝင်ဘာ ၃

ဧရာဝတီ တိုင်းဒေသကြီး ငွေဆောင်မြို့တွင် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့စည်ပင်သာယာရေးအဖွဲ့နှင့် မြို့မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သည့် မီးဘေးအန္တရာယ် ကြုံတွေ့လာပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်နည်း သရုပ်ပြ လေ့ကျင့်ခြင်းနှင့် မီးဘေးသတိပေးနှိုးဆော်ခြင်းတို့ကို မြို့မစျေးကြီးအတွင်း၌ နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီက ဆောင်ရွက်သည်။

ဦးစွာ မြို့မီးသတ်ဦးစီးဌာနမှ မီးသတ်ဆေးဘူး အသုံးပြုပုံကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ဆီမီးလောင်မှု ရေစိုအဝတ်ဖြင့် ဖုံးအုပ်ငြိမ်းသတ်နည်း၊ မီးသတ်ပိုက်ခေါင်းဖြင့် မီးငြိမ်းသတ်နည်းတို့ကို လက်တွေ့ပြသခဲ့ပြီး မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်မင်းဦး၊ ဦးစီးအရာရှိ ဦးအောင်ကျော်စိုးနှင့် စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ငွေဆောင်မြို့ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မစျေးကော်မတီဝင်များနှင့် စျေးသူစျေးသားများက လက်တွေ့သရုပ်ပြသ လေ့ကျင့်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့မစျေးအတွင်းရှိ စျေးဆိုင်ခန်း ပိုင်ရှင်များအား ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ မီးသတ်ပြုရန်၊ မီးချိတ်မီးကပ်၊ ရေ၊ သဲ၊ မီးသတ်ဆေးဘူးများ အဆင်သင့်ထားရှိကြရန်၊ မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက မီးသတ်ဦးစီးဌာနသို့ အမြန်ဆုံး အကြောင်းကြားရန် မီးလောင်လွယ်သော ပစ္စည်းများကို စနစ်တကျ သိမ်းဆည်းထားသိုရန် လိုက်လံသတိပေး နှိုးဆော်ခဲ့ကြောင်း သိရသည်။

ငွေဆောင်(ပြန်/ဆက်)

မိုင်းဖြတ်မြို့နယ်၌ ဆင်းဇကရီ-၃ မိုးစပါး မျိုးစေ့ထုတ်စံကွက် ရိတ်သိမ်း

မိုင်းဖြတ် နိုဝင်ဘာ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးထားရှိသည့် မိုးစပါးမျိုးစေ့ထုတ် စံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၃ နာရီက ဟောင်ဟင်ကျေးရွာ ကွင်းအမှတ်(၂၆)ရှိ တောင်သူဦးအောင်မျိုး၏ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း၌ ရိတ်သိမ်းခဲ့သည်။

တင်း ၁၃၀ ထွက်ရှိ

ဆင်းဇကရီ-၃ မျိုးစေ့ထုတ်စိုက်ခင်း စံကွက်ရိတ်သိမ်းခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများက ရိတ်သိမ်းခဲ့ရာ စပါးအစိုအထွက်နှုန်း တစ်ဧက ၁၃၀ ဒသမ ၆၈ တင်းထွက်ရှိပြီး စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း တင်း ၁၃၀ ထွက်ရှိခဲ့သဖြင့် မိုးစပါးပန်းတိုင်အထွက်နှုန်းကောင်းရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းရာသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဇော်မင်းဦး၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန(ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသန်းထွဋ်လွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအီလျုံနှင့်ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တိုက်ကြီးမြို့နယ်၌ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်

တိုက်ကြီး နိုဝင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁ ရက် နံနက် ၈ နာရီခွဲက သနပ်ပင်ချောင်းကျေးရွာအုပ်စု ကျောင်းစုကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်တိရစ္ဆာန်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာအောင်သင်းက တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းစုကျေးရွာ၊ မြို့ကွက်ကျေးရွာနှင့် ကရင်စုကျေးရွာများတွင် စာရင်းကောက်ယူရေးအဖွဲ့များမှ တိရစ္ဆာန်ကောင်ရေ စာရင်း ကွင်းဆင်းကောက်ယူနေမှုအခြေအနေများကို မြို့နယ်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

တိုက်ကြီးမြို့နယ်တွင် ရပ်ကွက်လေးရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စုမှ ကျေးရွာ ၉၂ ရွာရှိ အိမ်ထောင်စု ၁၁၄၂၆ စုတွင် တိရစ္ဆာန်ကောင်ရေစာရင်းများကို နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ ကွင်းဆင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

သထုံ နိုဝင်ဘာ ၃

မွန်ပြည်နယ် သထုံမြို့နယ်တွင် (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက် ၈ နာရီခွဲက သထုံခရိုင်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည်။

စုပေါင်းသွေးလှူဒါန်းရာသို့ သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တာခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းစိုး၊ သထုံတပ်နယ်မှူး ဗိုလ်မှူးကြီးအောင်အောင်ဟိန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ သွေးလှူဒါန်းကြသည့် ဝန်ထမ်းများထံ အားဆေး၊ အချိုရည်၊ ကြက်ဥ၊ ငှက်ပျောသီး စသည့်အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်သည်။

ပြန်လည်ပေးအပ်ခဲ့

သွေးလှူဒါန်းရာတွင် သထုံခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိနှင့် အခြားအဆင့်ဝန်ထမ်း စုစုပေါင်း ၁၅ ဦးတို့က စုပေါင်းသွေးလှူဒါန်းကြရာ သထုံခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဝင်းဇော်နှင့် ကျန်းမာရေးဝန်ထမ်းများက ဆေးစစ်ခြင်း၊ သွေးလက်ခံရယူခြင်းများကို ဆောင်ရွက်ကြပြီး ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီးက သွေးလှူရှင်ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသ တစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ထွက်ခွာလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် အခြေပြု၍ ဒေသခံပြည်သူ ၂၅၈ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

ကုသပေးခြင်းများဆောင်ရွက်

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၅၅ ဦး၊ ခွဲစိတ်ရောဂါ ၃၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၄ ဦး၊ ကလေးရောဂါ ၂၃ ဦး၊ အရိုးရောဂါ ၃၀၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ ၂၅ ဦး၊ မျက်စိရောဂါ ၄၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၉ ဦး တို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ နှစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ခုနစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် တာဝန်ရှိသူများက ခွဲစိတ်ကုသမှု ခံယူပြီးသော လူနာများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၌ ၂၀၁၉ ခုနှစ် မတ် ၁၈ ရက်တွင် မွေးဖွားပေးခဲ့သည့် သားငယ် သံလွင်မောင်အား ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ကိုကိုးကျွန်းမြို့နယ် မူလတန်းကြိုကျောင်းမှ ကလေးငယ်များအား ကလေးအထူးကုပါရဂူက တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်သက်ပြီး အသိပညာပေး ဟောပြောပေးပြီး တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက် ပေးနေမှုများကို လိုက်လံကြည့်ရှု အားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ မြို့နယ်၊ ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော် မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ် (စကု) တို့သည် ယနေ့တွင် အဖျောက်မြို့ လောကမာန်အောင်ဘုရားကြီး (မဟာသံတန်ဆောင်းတော်)၌ အခြေပြု၍ အဖျောက်မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၆၂၆ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၂၇ ဦး၊ ခွဲစိတ်ရောဂါ ၇၅ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၁၁ ဦး၊ ကလေးရောဂါ ၂၁ ဦး၊ အရိုးရောဂါ ၃၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၅ ဦး၊ မျက်စိရောဂါ ၁၈၇ ဦးနှင့် သွားရောဂါ ၃၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ သုံးဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၂၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာသုံးဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက် ရောက်ကုသရန် လိုအပ်သူနှစ်ဦးတို့ကို နီးစပ်ရာတပ်မတော် ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)၊ တပ်မတော် မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ ကျန်းမာရေး ဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ် -

ဦးအဂ္ဂဝံသ၊ သာသနာ့မဏ္ဍိုင်ကျောင်း (ကိုကိုးကျွန်း)

ဘုန်းဘုန်းက နယ်လှည့်ဆေးကုသရေးအဖွဲ့လာလို့ ဒီကိုလာပြီးတော့ ကျောက်ကပ်တို့ ဆီးချိုတို့

ဦးအဂ္ဂဝံသ

ဦးအရှိတ်

လာရောက်စစ်ဆေးပြီး ဆေးကုသမှုခံယူတာပါ။ အခုလိုဆေးကုသမှုခံယူတဲ့အခါမှာ စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့အားလုံးဆေးကုသခွင့်ရတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ ပြည်သူ့ပြည်သားတွေကလည်း ဝမ်းပန်းတသာနဲ့ ကြိုဆိုကြပါတယ်။ ဆေးကုသတဲ့ အခါမှာလည်း လိုအပ်တာမှန်သမျှ အားလုံးပြည့်ပြည့်စုံစုံ ဆေးဝါးကအစ အကူအညီပေးတဲ့အတွက် အထူးဝမ်းသာပီတိဖြစ်မိပါတယ်။ နယ်လှည့်ဆေးကုသရေး အထူးအဖွဲ့က ကိုကိုးကျွန်းမြို့ကို မကြာခဏလာရောက် ဆေးကုသပေးစေလိုပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့တကွ နယ်လှည့်ဆေးကုသအဖွဲ့သားများအားလုံး ဒီနေ့မှစလို့ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပြီး စိတ္တသုခ၊ ကာယသုခ သုခနှစ်ဖြာပြည့်စုံပြီး လိုအင်ဆန္ဒပြည့်ဝကာ ဘေးအပေါင်းရန်အပေါင်းမှ ကင်းဝေးပြီး မိမိတို့လိုအင်ဆန္ဒပြည့်ဝစွာဖြင့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်နိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ဦးအရှိတ်၊ အမှတ်(၄) ရပ်ကွက်၊ အဖျောက်မြို့

ကျွန်တော့်မှာ ဘယ်ဘက်ကပ်ပယ်အိတ်မှာ အဆီအကြိုက်အဖုရှိတဲ့အတွက် လာရောက်ပြီးတော့ ပြသကုသမှုခံယူတာပါ။ အခုနှစ်ပိုင်းမှာ လျင်မြန်စွာနည်းနည်းကြီးထွားလာတဲ့အတွက် စိုးရိမ်ပါတယ်။ ဒါပေမဲ့ အပြင်မှာ ကျွန်တော် ခွဲစိတ်ကုသဖို့လိုအပ်တယ်လို့ တိုက်တွန်းကြပေမယ့် ငွေရေးကြေးရေး အခက်အခဲလေး ရှိနေတဲ့အတွက် အခုလောက် ကြန့်ကြာသွားတာပါ။ နယ်လှည့် ဆေးကုသရေး သဘော်ကြီးလှည့်လည်ကုသနေတဲ့ အနေအထားကို ကျွန်တော်တို့ TV သတင်းတွေမှာ မကြာမကြာ တွေ့ရပါတယ်။ အင်မတန်လည်း မျှော်လင့် တောင့်တပါတယ်။ ပြည်သူ့ပြည်သားတွေ အနေနဲ့ အင်မတန်မျှော်လင့် အားကိုးနေတဲ့ အနေအထားတစ်ခုဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရဲ့ လမ်းညွှန်မှုကို ခံယူပြီး တော့ ပြည်သူ့တွေအပေါ်မှာ စိတ်စေတနာအပြည့်နဲ့ စွမ်းဆောင်နိုင်သမျှ ဆောင်ရွက်နေတယ်လို့ လည်း အစကတည်းကလည်း ယုံကြည်ပါတယ်။ အခုမျက်ဝါးထင်ထင်လည်း တွေ့ရပါတယ်။ ဒီအတွက်လည်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကြီးနှင့် တကွ တပ်မတော်မိသားစု အားလုံးကို ကျွန်တော်တို့အနေနဲ့လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါတယ်။ ဂါရဝလည်း ပြုပါတယ်လို့ ပြောလိုပါတယ်။ **သတင်းစဉ်**

မော်လမြိုင်မြို့၌ သဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ပညာပေး အခမ်းအနား ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၃

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ကလေးများအတွက် သဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ပညာပေး အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒုတိယမီးသတ်ဦးစီးမှူး ဒေါ်စိုးစန္ဒာမြင့်က ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားဖွယ် ဂိမ်းကစားနည်းကိုးနည်း အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မီးဘေးကစားနည်းများ ဖြစ်ကြသော သတ်မှတ်ထားသော ပစ်မှတ်ဆီသို့ မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ရသော ကစားနည်း၊ မီးလောင်စာ မီးငြိမ်းသတ်ရေးကတ်များကိုအသုံးပြု၍ ကစားနည်း၊ စောင်ကိုအသုံးပြု၍ လူနာသယ်ဆောင်ကစားနည်း၊ အိမ်မှာရှိသည့် ပစ္စည်းများနှင့် ရှေးဦးသူနာပြုစုရမည့် ကစားနည်း၊ ရေသန့်ဘူးအသုံးပြု၍ အသက်ကယ်အင်္ကျီပြုလုပ်ကစားနည်း၊ သဘာဝဘေးအန္တရာယ်များသည့်အခါ ယူဆောင်သွားရမည့် ပစ္စည်းများကို စဉ်းစားတတ်စေရန် ကစားနည်း၊ သဘာဝဘေးအန္တရာယ်ကြုံတင်ကာကွယ်ရေးကတ် အသုံးပြု၍ ဉာဏ်စမ်းကစားနည်း၊ ကလေးများ လွယ်ကူစွာနားလည်နိုင်သော ရုပ်ပုံများကို အဆင့်လိုက်ဆက်သောကစားနည်း၊ ကြိုးကလေးပုံပြင် စသည့် ကစားနည်းများကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာ၍ ကိုယ်တိုင်ပါဝင် ကစားခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

ဓာတ်ခွဲနမူနာစုစုပေါင်း ၃၀၀၆ ခုအား စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၂-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃၀၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၃) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

ဒုတိယဝန်ကြီး ဦးအောင်မြိုင် တောင်ငူ - ညောင်လေးပင် - ပဲခူး - ရန်ကုန် ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းနှင့် အင်းစိန်မြို့ပတ် ဒီဇယ်စက်ခေါင်းစက်ရုံ(DRC)ရှိ RBE များအား ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၃

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ နိုဝင်ဘာ ၁ ရက်မှ ၃ ရက်အတွင်း တောင်ငူ-ညောင်လေးပင် - ပဲခူး - ရန်ကုန် ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပဲခူး-ရွှေလှေနှင့် ပဲခူး - နောင်ပတ္တရားအကြား ရထားလမ်းပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရထားလမ်းပေါ် ရေကျော်ခဲ့သည့်နေရာများ၊ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းနှင့် အင်းစိန်မြို့ပတ် ဒီဇယ်စက်ခေါင်းစက်ရုံ (DRC)ရှိ RBE များ၏ အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် ရန်ကုန် - မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း အပိုင်း(၁)ဖြစ်သည့် တောင်ငူ - ညောင်လေးပင် - ပဲခူး - ရန်ကုန် ရထားလမ်းပိုင်း အဆင့်မြှင့်တင်ခြင်း အပိုင်းလိုက်လုပ်ငန်းဆောင်ရွက်နေမှုကို RBE ရထားဖြင့် လိုက်ပါစီးနင်း၍ စစ်ဆေးခဲ့ပြီး သတ်မှတ်ထားသည့်ကာလအတွင်း အချိန်မီပြီးစီးရေး၊ ရထားလမ်းပိုင်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရေး၊ တံတားလုပ်ငန်းများနှင့် အချက်ပြဆက်သွယ်ရေးစနစ် တပ်ဆင်ခြင်းလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်းပြီးစီးအောင် ဆောင်ရွက်သွားရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အဆိုပါ လမ်းပိုင်းရှိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရထားလမ်းပေါ်ရေကျော်ပြီး တာပေါင်ရေတိုက်စားခံခဲ့ရသည့် ပဲခူး - ရွှေလှေအကြားနှင့် ပဲခူး - နောင်ပတ္တရားအကြား ရထားလမ်းပိုင်းနေရာများကို သွားရောက်စစ်ဆေးပြီး တာပေါင်များ စနစ်တကျ ပြန်လည်ပြုပြင်သွားရန်၊ အဆိုပါရထားလမ်းတာပေါင်များ ရေတိုက်စားမှု ထပ်မံမဖြစ်ပွားစေရေးအတွက် မြေထိန်းနံရံများ စနစ်တကျဆောင်ရွက်ရန်၊ ရေစီးဆင်းမှုအခြေအနေများကို တိုင်းတာစစ်ဆေးတွက်ချက်ပြီး တံတားများ၊ ရေပြွန်များ ထည့်သွင်းတည်ဆောက်နိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းတစ်လျှောက် RBE ရထားဖြင့် လိုက်ပါစီးနင်း၍ ကြည့်ရှုစစ်ဆေးခဲ့ပြီး ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း၌ Diesel Electric Multiple Unit (DEMU) ရထားများရောက်ရှိပြေးဆွဲချိန်တွင် လမ်းပိုင်းအတွင်း အမြန်နှုန်းကီလိုမီတာ တိုးမြှင့်ပြေးဆွဲရန် စီစဉ်ထားသဖြင့် ရထားလမ်းပြုပြင်ထိန်းသိမ်းရာ၌ Maintenance Manual အတိုင်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန်၊ Electronic Interlocking နှင့် Relay Interlocking

အချက်ပြဆက်သွယ်ရေးစနစ် တပ်ဆင်ပြီးစီးသည့် နေရာများအား စနစ်တကျ ထိန်းသိမ်းထားရှိရန်နှင့် ရထားလမ်းလုံခြုံရေးနှင့် အန္တရာယ်ကင်းရှင်းရေး အတွက် ခြံစည်းရိုးများ နှစ်အလိုက် ဦးစားပေး ကာရံသွားရန်တို့ကို မှာကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့ပတ် ဒီဇယ်စက်ခေါင်းစက်ရုံရှိ RBE ရထားတွဲများနှင့် ပြုပြင်ဆဲ RBE ရထားတွဲများကို သွားရောက်စစ်ဆေးပြီး Public Transportation အတွက် အသုံးပြုသည့် RBE ရထားတွဲများ ပြုပြင်ရာတွင် သတ်မှတ်ထားသည့် Schedule အတိုင်း စနစ်တကျကောင်းမွန်အောင် ပြုပြင်ရန်၊ လိုအပ်သည့် Spare Parts များ လုံလောက်မှုရှိစေရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပန်းတနော်မြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း စတင်ဆောင်ရွက်

ပန်းတနော် နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ၂၀၂၃- ၂၀၂၄ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း လက်တွေ့လှုပ်ရှားဆောင်ရွက်မှုအား နိုဝင်ဘာ ၁ ရက်နံနက်ပိုင်းက မင်းဆယ်ကျေးရွာအုပ်စု ကလောင်ပိုင်းကျေးရွာ၌ စတင်ကောက်ယူခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်သိန်းမြင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများက "တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ပိုင်းဝန်းကူညီဆောင်ရွက်ပေး" ဆောင်ပုဒ်နှင့် အညီ မြန်မာနိုင်ငံ၏ တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်မှုစာရင်းဇယားများအား အတည်ပြု ထုတ်ပြန်နိုင်ရန်နှင့် တိရစ္ဆာန်ကောင်ရေတိုးပွားမှုဆိုင်ရာ တွက်ချက်မှုစံနှုန်းများအား

သုံးသပ်ပြင်ဆင်နိုင်ရန်၊ အသားကဏ္ဍ၊ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံကိန်းဂဏန်းများ မှန်ကန်ရေးတို့အတွက် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းများအား လက်တွေ့လှုပ်ရှားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုးကျော်(ပြန်/ ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၁၁-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြန်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၀၈၀	၂၀၂၅	၂၀၂၀	၂၀၈၅	၂၀၂၅	၂၀၅၀	၂၀၃၅	၂၀၁၀	၂၁၁၀	၂၁၂၀	၂၀၂၀	၂၀၂၅	၂၀၆၅	၂၁၆၅	၂၁၇၀	၂၃၉၅	၂၈၆၀
95 Ron	၂၁၉၀	၂၂၄၀	၂၂၃၅	၂၁၉၅	၂၂၃၅	၂၂၆၀	၂၂၄၅	၂၂၂၀	၂၃၂၀	၂၃၃၅	၂၂၃၀	၂၂၄၅	၂၂၇၅	၂၂၇၅	၂၂၇၅	၂၅၀၅	၂၉၆၀
HSD (500 ppm)	၂၂၄၀	၂၂၈၅	၂၂၀၀	၂၂၄၅	၂၂၈၅	၂၃၁၀	၂၃၀၅	၂၂၇၀	၂၃၉၀	၂၃၈၅	၂၂၇၅	၂၂၈၅	၂၃၂၅	၂၃၂၅	၂၃၂၅	၂၅၅၅	၃၁၉၀
HSD (50 ppm)	၂၃၅၀	၂၄၀၀	၂၃၉၅	၂၃၆၀	၂၃၉၅	၂၄၂၀	၂၄၁၅	၂၃၈၀	၂၅၀၀	၂၄၉၅	၂၃၉၀	၂၄၀၀	၂၄၃၅	၂၄၃၅	၂၄၄၀	၂၆၆၅	၃၂၅၀
HSD (10 ppm)	၂၃၅၅	၂၄၀၅	၂၄၀၀	၂၃၆၅	၂၄၀၅	၂၄၂၅	၂၄၂၀	၂၃၉၀	၂၅၁၀	၂၅၅၅	၂၃၉၅	၂၄၀၅	၂၄၄၀	၂၄၄၀	၂၄၄၅	၂၆၇၅	၃၂၅၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၇၄	၂၀၄၇
95 Ron	၂၀၈၀	၂၁၅၅
HSD (500 ppm)	၂၁၂၈	၂၂၀၀
HSD (50 ppm)	၂၂၃၆	၂၃၁၀
HSD (10 ppm)	၂၂၄၂	၂၃၁၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၄

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အင်းစိန်မြို့နယ် စာပေဥယျာဉ်အသင်း သီတင်းကျွတ်လ စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃

အင်းစိန်မြို့နယ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်စာပေဥယျာဉ်အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး သီတင်းကျွတ်လ စာဖတ်ဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၃၁ ရက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါစာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိမ့်၊ အသင်းနာယကဆရာကြီး ဦးရန်နောင်(ရန်နောင်-ပညာရေး)တို့က အမှာစကားများပြောကြားပြီး စာပေဥယျာဉ်အသင်းနှင့် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မျိုးဆက်သစ်လူငယ်များ စာပေဗဟုသုတ တိုးပွားရေးတို့အတွက် စာဖတ်ဝိုင်းပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် စာရေးဆရာ ဝင်းနွယ်(ပုသိမ်)က "စာရေးသူတို့၏ အတွေးနဲ့ ရေးဟန်" ၊ စာရေးဆရာမ ငြိမ်းစုသွယ်က "ကြုံရ ဆုံရ လူ့ဘဝစရိုက်များ"၊ စာရေးဆရာမရွှေဘုတ်(အင်းစိန်)က "သီတင်းကျွတ်ပွဲတော် ဆီဆွမ်းလောင်းလျှုပွဲ" နှင့် စာရေးဆရာ ရန်မိုးအောင် (အင်းစိန်)က "လူ့ဘဝ အောင်မြင်ရေးအတွက် အကြံဉာဏ်ရောင်းသည်" စသည့် အကြောင်းအရာများကို ဆွေးနွေးဟောပြောကြပြီး စာရေးဆရာမ ခင်နွဲ့မူ (အင်းစိန်)၊ အောင်ငယ်စစ် (အင်းစိန်) နှင့် ရွှေမော်သန်းထိုက်တို့က မေးမြန်းဆွေးနွေးခဲ့သည်။ ထို့နောက် အသင်းနာယကဦးသက်တင်(မောင်သာတင့်)က နိဂုံးချုပ်ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ဦးဆောင်ဆွေးနွေးသူများကို တာဝန်ရှိသူများက အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဉာဏ်ဟိန်း

✪ ကျောဖုံးမှ

ဦးစွာ ကိုရီးယားနိုင်ငံ K-Pop အဖွဲ့မှ အမျိုးသား အနုပညာရှင် Moon Georntaka Haro၊ အမျိုးသမီး ရုပ်ရှင်သရုပ်ဆောင် Nam Young Jocx ၊ အမျိုးသမီး အနုပညာရှင် Henny၊ Jeong Deul le နှင့် Rejen တို့က နိုင်ငံတကာတွင် ကျော်ကြားသည့် K-Pop Dance အကများ၊ ကိုရီးယားကျေးလက်တေးဂီတ Trot၊ Ballade ဂန္ဓဝင်တေးသီချင်းများနှင့် မြန်မာနိုင်ငံမှ အနုပညာရှင်များဖြစ်သည့် မီးနိုနှင့် ယွန်းတို့က တေးသီချင်းနှစ်ပုဒ်စီဖြင့် နောက်ခံအကအဖွဲ့နှင့်အတူ မြူးမြူးကြွကြွ ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ မြန်မာ-ကိုရီးယား အနုပညာရှင် ရှစ်ဦးတို့ စုပေါင်း၍ "သကြီ်နမ်ိုး" သီချင်းဖြင့် သီဆိုဖျော်ဖြေကြရာ လာရောက်ကြည့်ရှုအားပေးကြသည့် ပရိသတ်များက လက်ခုပ်သံများနှင့် အားပေးသံတို့မှာ မြန်မာ့အသံစတူဒီယိုခန်းမအတွင်း ပျံ့လွင့်ခဲ့သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် သီဆိုဖျော်ဖြေခဲ့ကြသည့် မြန်မာ-ကိုရီးယားအနုပညာရှင်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကိုယ်စား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဂုဏ်ပြုပန်းခြင်း၊ မှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ကိုရီးယားအဖွဲ့ကလည်း အမှတ်တရလက်ဆောင်အား ပြန်လည်ပေးအပ်သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိ၍ အပတ်စဉ်သောကြာနေ့တိုင်းတွင် Friday Night Live Show တေးဂီတဖျော်ဖြေပွဲအစီအစဉ်ကို ရိုက်ကူးတင်ဆက်လျက်ရှိရာ ယခုသီတင်းပတ်တွင် တင်ဆက်ခဲ့သည့် ဖျော်ဖြေမှုကို နိုဝင်ဘာ ၅ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း ပြန်လည်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ညိမ်းသူ၊ မောင်သီဟ(သတင်းစဉ်)
ဓာတ်ပုံ-ဇော်မင်းလတ်

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အနုပညာရှင်များ၊ နိုင်ငံခြားဘာသာတက္ကသိုလ် (ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ မြန်မာ-ကိုရီးယား ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲကို ကြည့်ရှုအားပေးကြစဉ်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကိုယ်စား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က သီဆိုဖျော်ဖြေခဲ့ကြသည့် မြန်မာ-ကိုရီးယား အနုပညာရှင်အဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။

မြိတ်မြို့၌ စာသင်ကျောင်းအခြေပြု မီးဘေးနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေး အသိပညာပေး

မြိတ် နိုဝင်ဘာ ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ စာသင်ကျောင်းအခြေပြု မီးဘေးနှင့်သဘာဝဘေးအန္တရာယ်လျှော့ချရေးအသိပညာပေးအစီအစဉ် (Kaeru Caravan)ကို မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှ ယမန်နေ့က အထက(၁) ပညာဗိမာန်ခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးအစီအစဉ်တွင် မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥာဏ်ဇော်က အဖွင့်အမှာစကားပြောကြားကာ ခရိုင်မီးသတ်ဦးစီးမှူး ဦးစန်းဦးက အသိပညာပေးအစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ၍ ကျောင်းတာဝန်ခံဆရာမ ဒေါ်တူးတူးရှိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက မီးသတိမူရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးကစားနည်း ၁၀ မျိုးကို ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး (ပြန်/ဆက်)

ညောင်လေးပင်ခရိုင်၌ ဆောင်းရာသီဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေး နည်းပညာပေးဆွေးနွေး

ညောင်လေးပင် နိုဝင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်အတွင်းရှိ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်းရာသီဆီထွက်သီးနှံနှင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေး နည်းပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၂ ရက်က ညောင်လေးပင်မြို့နယ် ကျဘမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ဆောင်းရာသီဆီထွက်သီးနှံများဖြစ်သော မြေပဲနှင့် ပဲတီစိမ်း၊ မတ်ပဲသီးနှံများကို စိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်ကောင်းမျိုးကောင်းမျိုးသန့်များကိုသာ သုံးစွဲရန်နှင့် စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးရန်၊ ခရိုင်အဆင့် စိုက်ကြပ်အဖွဲ့များက ဆောင်းသီးနှံများ စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းပညာများကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့ကြပြီး တက်ရောက်လာကြသော တောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

အဆိုပါနည်းပညာပေးဆွေးနွေးပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျဘမ်းကျေးရွာအုပ်စု ကျေးရွာခွဲ ငါးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာအုပ်စု လေးအုပ်စုမှ ဒေသခံတောင်သူ ၇၀ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော တောင်သူများအား မြေပဲသီးနှံ ဗီယက်နမ်မျိုး၊ နေကြာသီးနှံ ဆင်းရွှေကြာ (၂) နှင့် ပဲတီစိမ်းသီးနှံသြဇီမျိုး၊ ရေဆင်း (၁၄)၊ ရေဆင်း (၁၆) မျိုးများအား ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

ဒိုက်ဦးမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်

ဒိုက်ဦး နိုဝင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အောင်စိုးမိုးကျေးရွာ၌ နိုဝင်ဘာ ၁ ရက်က တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး လုပ်ငန်း ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာတာဝန်ရှိသူများ စာရင်းကောက်ကြီးကြပ်နှင့် စာရင်းကောက်များ တက်ရောက်ကြပြီး အောင်စိုးမိုး ကျေးရွာအတွင်း တိရစ္ဆာန်မွေးမြူထားသောအိမ်များသို့ သွားရောက်ကာစာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်ကြသည်။

ဒိုက်ဦးမြို့နယ်၌ ရပ်ကွက်နှစ်ရပ်ကွက်နှင့် ကျေးရွာ ၃၆ ရွာ၌ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေး လုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကော်မတီအတွင်းရေးမှူး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်လင်းက ပြောသည်။ **ကျော်ကျော်(ပြန်/ဆက်)**

❍ လက်ရှိချန်ပီယံမှ

အသာရထားသဖြင့် ချန်ပီယံဆုကာကွယ်နိုင်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ဟိန်းသီဟဇော်၊ နန္ဒကျော်၊ မျိုးကိုထွန်း၊ ထက်ဖြိုးဝေ၊ ရဲမင်းသူတို့ဖြင့် လူစုံနီးပါး အသုံးပြုခဲ့ပြီး ရခိုင်အသင်းမှာလည်း ချမ်းငြိမ်းကျော်၊ ဇော်ဇော်နိုင်၊ မောင်မောင်စိုး၊ ကောင်းစည်သူတို့ဖြင့် လူစုံခဲ့သည်။ ပွဲအစ ခြောက်မိနစ်မှာပင် ရှမ်းယူနိုက်တက်အသင်း ဂိုးစတင်ရရှိခဲ့ပြီး နန္ဒကျော်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက် ပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်နိုင်သော်လည်း ဂိုးထပ်မသွင်းနိုင်ဘဲ ၅၃ မိနစ်တွင် ဂျပန်တိုက်စစ်မှူး မိုတိုဟီရိုက ရှမ်းယူနိုက်တက်အသင်းအတွက် ဒုတိယဂိုး ထပ်သွင်းခဲ့သည်။ နှစ်ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ရခိုင်ယူနိုက်တက်အသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့ပြီး ၈၂ မိနစ်တွင် ကောင်းစည်သူက တစ်ဂိုးပြန်သွင်းသော်လည်း ဂိုးထပ်မသွင်းနိုင်သဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက် တိုက်စစ်မှူး မိုတိုဟီရိုက သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၅၀ ရရှိထားသည်။

ပွဲစဉ် (၁၉) နောက်ဆုံးနေ့အဖြစ် နိုဝင်ဘာ ၄ ရက် (ယနေ့)တွင် သုဝဏ္ဏကွင်း၌ အား/ကာသိပ်ပံ အသင်းနှင့် ဒဂုံစတားအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MNL

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချေးငွေလုပ်ငန်းကြီးကြပ်မှု ဗဟိုကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချေးငွေလုပ်ငန်းကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ်(၁၆)၌ ကျင်းပသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးမြင့်စိုးက အမှာစကားပြောကြားရာတွင် သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေးမှစ၍ စီးပွားဖြစ်မွေးမြူနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ယခုဆိုလျှင် နိုင်ငံ့စီးပွားဖြင့်တင်ရေးရန်ပုံငွေမှ မြစိမ်းရောင်(သမဝါယမ) စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ် ၁၁ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသုံးခုရှိ မြို့နယ် ၈၆ မြို့နယ်မှ အသင်းပေါင်း ၃၅၄ သင်း၊ အသင်းသားဦးရေ ၁၄၃၆ ဦးတို့အား ရန်ပုံငွေကျပ်သန်း ၁၃ ဘီလီယံကျော်ကို ပံ့ပိုးဆောင်ရွက်ပေးထားကြောင်း။

Pilot Project အနေဖြင့် သမဝါယမအသင်းပိုင်ငွေများဖြင့် စိုက်ပျိုးရေးကဏ္ဍအတွက် တိုင်းဒေသ

ကြီး/ပြည်နယ် ၁၂ ခု၊ မြို့နယ် ၂၀ မှ ကျေးရွာ ၂၀ ရှိ အသင်း ၂၂ သင်းမှ အသင်းသား ၁၀၅၆ ဦးကို ပံ့ပိုးပေးနိုင်ရန်အတွက် သမဝါယမအသင်းစုချုပ်၊ သမဝါယမအသင်းစု၊ အသင်းပိုင်ငွေစုစုပေါင်း ကျပ် ၅၅၆ ဒသမ ၀၇ သန်း၊ တိုင်းဒေသကြီး/ပြည်နယ် ၁၁ ခု၊ မြို့နယ် ၂၄ မြို့နယ်မှ ကျေးရွာပေါင်း ၂၆ ရွာရှိအသင်း ၂၆ သင်းမှ အသင်းသား ၇၀၃ ဦးတို့အား မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ကျပ် ၅၃၂ ဒသမ ၅၃ သန်းဖြင့် ပံ့ပိုးပေးနိုင်ရေးအတွက် လျာထားဆောင်ရွက်ပေးထားမှုတို့ကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းမှာကြားလိုကြောင်း။

ထို့ပြင် မိုးစပါး စိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်းအတွက် နိုင်ငံ့စီးပွားဖြင့်တင်ရေးရန်ပုံငွေ (စိုက်၊ မွေး၊ ဆည်)၊ တိုင်းဒေသကြီး/ပြည်နယ် နိုင်ငံ့စီးပွားဖြင့်တင်ရေးရန်ပုံငွေ၊ တိုင်းဒေသကြီး/ပြည်နယ် ဘတ်ဂျက်နှင့် သမဝါယမအသင်းပိုင်ငွေတို့ဖြင့် တိုင်းဒေသကြီး/ပြည်နယ် ၁၃ ခုတို့ရှိ မြို့နယ်ပေါင်း ၁၇၈ မြို့နယ်မှ အသင်းပေါင်း ၁၀၆၆ သင်းရှိ အသင်းသား ၂၈၆၁၀ အတွက် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့်ညီမျှသော ဧက ၁၃၀၁၀ အတွက် သွင်းအားစုများ ပံ့ပိုးရန်ဆောင်ရွက်ထားသည့်အတွက် အောင်မြင်မှုရရှိရေး၊ လေလွင့်ဆုံးရှုံးမှုမရှိရေးနှင့် ရန်ပုံငွေစီးဆင်းမှုစနစ်တကျမှန်ကန်မှုရှိစေရေးတို့အတွက် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများ အတိုင်း လုပ်ကိုင်ကြရန် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဗဟိုသမဝါယမအသင်းလီမိတက်မှ အချိန်ပြည့်ဒါရိုက်တာက လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများနှင့် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သာယာဝတီမြို့နယ်၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ ကျင်းပ

သာယာဝတီ နိုဝင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်တွင် သာယာဝတီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းထူထောင်မည့် သင်တန်းသူများအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း သုံးပစ္စည်းပေးအပ်ပွဲအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြဝတီမြို့၌ စာဖတ်ရှိန်မြင့်မားရေး လူငယ်ရေးရာအသိပညာပေးခြင်းနှင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပ

မြဝတီ နိုဝင်ဘာ ၃

ကရင်ပြည်နယ် မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ယနေ့နံနက် ၁၀ နာရီတွင် အမှတ်(၃)ရပ်ကွက် သစ္စာမဂ္ဂင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ လူငယ်ရေးရာ အသိပညာပေးခြင်းနှင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လူငယ်များအနေဖြင့် လိမ္မာရေးခြားရှိစေရေး အတွက်အသိပညာ၊အတတ်ပညာ သာမက ပြင်ပစာပေဗဟုသုတများပါ ဖတ်မှတ်လေ့လာရမည်ဖြစ်ကြောင်းနှင့် ငယ်ရွယ်စဉ်မှစ၍ ဘဝရည်မှန်းချက်များ ထားရှိရမည်ဖြစ်ကြောင်းတို့ကို ဟောပြောပြီး ကာယ၊ ဉာဏ စွမ်းရည်

ဖွံ့ဖြိုးတိုးတက်စေရန် ပြိုင်ပွဲများ ကျင်းပပေးကာ အမှတ်တရ လက်ဆောင်များ ချီးမြှင့်ပေးသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ စာအုပ်၊ စာပေ ဖတ်မှတ်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် အသိပညာပေး နံရံကပ်စာစောင်များ ခင်းကျင်းပြသခြင်းနှင့် စာဖတ်ဝိုင်း ဆောင်ရွက်ပေးရာ စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)

ဓနုဖြူမြို့နယ်၌ မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

ဓနုဖြူ နိုဝင်ဘာ ၃

ရောဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပညာဒီဗမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဓနုဖြူမြို့နယ် မြို့နယ်ပညာရေးမှူး ပူးတွဲတာဝန်ခံ ဆရာကြီးဦးကျော်အောင်မျိုးစိန်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကိုကျင်းပရာ မြို့နယ်အတွင်းအခြေခံပညာကျောင်းများရှိ Grade–5 မှ Grade–9 အထိ ကျောင်းသား ကျောင်းသူ ၁၅ ဦးက မဲစနစ်ဖြင့် ကျရာခေါင်းစဉ်များကို ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မြို့နယ်အတွင်းကျောင်းများမှ မြို့နယ်ကိုယ်စားပြု စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ဘောလုံး၊ ကြက်တောင်၊ ပြေးခုန်ပစ်နှင့် ဘော်လီဘောစသည့် အားကစားနည်းခုနစ်မျိုးအား ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အားကစားသမားများရွေးချယ်ခြင်းကို ပြည်သူ့အားကစားကွင်းတွင် ကျင်းပလျက်ရှိကြောင်း သိရသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

ဟသံ်တမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ဟသံ်တ နိုဝင်ဘာ ၃

ရောဝတီတိုင်းဒေသကြီး ဟသံ်တမြို့နယ် သုံးပင်ကွင်းရပ်ကွက်တွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၂ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ကြည့်ရှုအားပေး

အဆိုပါ စာရင်းကောက်ယူရာသို့ ဟသံ်တခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း ဦးဆောင်၍ ခရိုင်နှင့် မြို့နယ်တိရစ္ဆာန်ကောက်ယူရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကာ ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

စာရင်းကောက်ယူ

စာရင်းကောက်ယူရာတွင် မြို့နယ်ဦးစီးမှူး ဒေါက်တာယုနန္ဒာအောင်နှင့် သင်တန်းပေးထားသော စာရင်းကောက်များက စာရင်းကောက်ယူမည်ဖြစ်ပြီး ဟသံ်တမြို့နယ်၌ ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၆ အုပ်စု၊ ကျေးရွာ ၁၅၇ ရွာ၊ အိမ်ထောင်စုအရေအတွက် ခန့်မှန်း ၁၈၉၅၄ စု၊ စာရင်းကောက်ဦးရေ ၃၆၅ ဦးတို့အား စာရင်းကောက်ဝန်ထမ်းခြောက်ဦး တို့က ကြီးကြပ်၍ နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ နှစ်လတာအတွင်း တစ်မြို့နယ်လုံး စာရင်းကောက်ယူခြင်းလုပ်ငန်းကို ပြီးစီး အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၀၆) နှင့် အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၂၆) သင်တန်းဆင်းပွဲများ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၃

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၀၆) သင်တန်းဆင်းပွဲအခမ်းအနားကို အဆိုပါတက္ကသိုလ်စစ်ရေးပြကွင်း၌ လည်းကောင်း၊ အရာထမ်းငယ် သင်တန်းအမှတ်စဉ်(၁၂၆) သင်တန်းဆင်းပွဲအခမ်းအနားကို ရတနာသိမ်ခန်းမ၌ လည်းကောင်း ယနေ့ နံနက်ပိုင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ပါမောက္ခများ၊ သင်ကြားစီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားများတွင် ပါမောက္ခချုပ်ဦးဇော်ဇော်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၀၆) သင်တန်းဆင်းပွဲ၌ သင်တန်းသား စံပြဆုနှင့် သင်တန်းသူစံပြဆု၊ သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆု ရရှိသူများအား ဆုများနှင့် သင်တန်းဆင်းအောင်လက် မှတ်များကို လည်းကောင်း၊ အရာထမ်းငယ် သင်တန်းအမှတ်စဉ်(၁၂၆) သင်တန်းဆင်းပွဲ၌ သင်တန်းသားစံပြဆု၊ သင်တန်းသူစံပြဆု၊ သင်တန်းသား သင်တန်းသူ ပထမဆု၊ ဒုတိယဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၂၀၆)သို့ သင်တန်းသား ၂၀၃ ဦး၊ သင်တန်းသူ ၂၉၀ စုစုပေါင်း ၄၉၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သြဂုတ် ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာ ဖွင့်လှစ်ခဲ့သည်။

အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၂၆) သို့ သင်တန်းသား ၂၂၈ ဦး၊ သင်တန်းသူ ၂၄၀ စုစုပေါင်း ၄၆၈ ဦးတို့ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇူလိုင် ၁၀ ရက်မှ စက်တင်ဘာ ၂၉ ရက်အထိ Distance Learning ဖြင့် လည်းကောင်း၊ အောက်တိုဘာ ၉ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ In-House Learning ဖြင့် လည်းကောင်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သတင်းစဉ်

တာချီလိတ်မြို့၌ ရပ်ကွက်/ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

တာချီလိတ် နိုဝင်ဘာ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌ(ဖလား) ရပ်ကွက်/ ကျေးရွာပေါင်းစုံ အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက် ညနေ ၃ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ (ဖလား) ရပ်ကွက်/ ကျေးရွာပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအနေဖြင့် ပုန်းထွန်အသင်းနှင့် ဆန်ဆိုင်း(က) အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ ကြရာ တစ်ဖက် နှစ်ဂိုးစီဖြင့် သရေကျ၍ ပင်နယ်တီအဆုံးအဖြတ်ကစားခဲ့ရာ ပုန်းထွန်အသင်းက အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး သူရဇော်လွင်စိုး၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးတင်ဦးကျော်နှင့် အတွင်းရေးမှူး ဦးဇော်မြင့်၊ ဦးကျော်လင်း၊ မြို့နယ်အားကစားမှူး ဦးသန်းလှိုင်နှင့် တာဝန်ရှိသူတို့က ပထမဆုနှင့် ဒုတိယဆုရရှိသော အသင်းအား တစ်ဦးချင်းဆုနှင့် ဆုဖလားတို့ကို လည်းကောင်း၊ အကောင်းဆုံး ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း၊ ဂိုးသမားဆုနှင့် အကောင်းဆုံးကစားသမားဆုရရှိသူတို့အား ဆုတံဆိပ်များကို လည်းကောင်း ချီးမြှင့်ပေးအပ်သည်။

အဆိုပါ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ(ဖလား) ရပ်ကွက်/ ကျေးရွာပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၄ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ရာ အသင်း ၂၁ သင်း ဝင်ရောက်ယှဉ်ပြိုင် ကစားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ကျွန်မြန်မာရေးရာ Myanmar Affairs

အမှတ်(၂၅) (အောက်တိုဘာ၊ ၂၀၂၃)

ထွက်ပြီ



"ဒေသဆိုင်ရာအစွန်အစည်းသစ်များ ပေါ်ထွန်းလာခြင်းနှင့် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ"

၂၀၂၃ ခုနှစ် အောက်တိုဘာလထုတ် မြန်မာရေးရာ အမှတ်စဉ်-၂၅ တွင်

- ဒေသတွင်းပေါင်းစည်းမှုအသစ်များနှင့် မြန်မာနိုင်ငံ
- နိုင်ငံတည်မော်ကွန်း(၂) ၁၉၄၇ ခုနှစ် အခြေခံဥပဒေ
- အမျိုးသားစာကြည့်တိုက်သို့
- နည်းလမ်းသစ်များရာရတော့မည့် စာအုပ်အရောင်းဆိုင်ဈေးကွက်များ
- မြန်မာ-တရုတ် ကုန်သွယ်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေး
- လူမှုစီးပွားကမ္ဘာ
- ဗုဒ္ဓစာပေနှင့် ပုဂံခေတ်ပညာရေး
- **အစဉ်အလာကြီးမားသည့် မြန်မာ့စဉ်သမိုင်း**

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀)ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း-၀၁-၈၃၈၅၅၆

အများသိစေရန် ကြေညာချက်

၁။ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ မယ်ဇီကုန်းလမ်း၊ အမှတ်(၁၁၉/စီ)၊ မြေတိုင်းအမှတ် (၁၅)၊ မြေကွက်အမှတ်(၂၄/ဃ-၂)တွင် (၄)ခန်းတွဲ(၈˚/၂)ထပ်တိုက်(Lift-၂စီးပါ)အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်အားဌာနဏ၏ ၈-၇-၂၀၁၅ရက်စွဲပါစာအမှတ်၁၄၃၈/၁၄၃၉/စည်ပင်-ယာ(အုံ)အရ ပိုင်ရှင်ဒေါ်ရှုရီ(ကိုယ်တိုင်) နှင့် ဒေါ်ရှုကြည်၏ အထွေထွေကိုယ်စားလှယ်လွဲစာရင်းသူဦးသိန်းစိုး၊ ဦးကြည်ဝမ်း၏ အထွေထွေကိုယ်စားလှယ်လွဲစာရင်းသူဒေါ်ငွေးငွေးဦး၊ လိုင်စင်ရကန်ထရိုက်တာ ဒေါ်ရီရီအေး (LC- ၈၅၀)နှင့် လိုင်စင်ရအင်ဂျင်နီယာ ဒေါ်သီတာကိုကိုလွင် (LS-၁၈၅၃)တို့ဖြင့် ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။

၂။ အဆိုပါ(၈˚/၂)ထပ်တိုက်အဆောက်အအုံ၏ဆောက်လုပ်ခွင့်ပြုမိန့်ပါ လိုင်စင်ရကန်ထရိုက်တာ ဒေါ်ရီရီအေး (LC-၈၅၀) အစား လိုင်စင်ရကန်ထရိုက်တာ ဦးအောင်ကိုဦး (LC-၁၀၉၄)သို့ ပြောင်းလဲခွင့်ပြုပါရန် ပိုင်ရှင်၊ လိုင်စင်ရကန်ထရိုက်တာ(၂)ဦးနှင့် မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဦးအောင်ကို(RSE-၀၂၆၁) တို့မှလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ကန့်ကွက်ရန်ရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂၀/က+ခ၊မြေကွက်အမှတ်-၇/၆-၁၉၊(၁.၀၈၄)ဧက၊မြေကွက်တည်နေရာအမှတ်-၂၅/က၊အုတ်ကျင်းဘူတာရုံလမ်း၊(၁၆)ရပ်ကွက်၊မောင်တင်ထွန်း၊အမည်ပေါက်မြေပိုင်မြေ(လ/နေ-၃၉)မြေအား လှိုင်မြို့နယ်တရားရုံး၊တရားမကြီးမှုအမှတ်-၃၂/၂၀၁၉(ဖ-၁၀-၂၀၂၂) ဖြင့်(၅၀×၇၅)ပေအား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် ဒေါ်ညွှန့်တင်၊ဦးမောင်မောင်သန်း၊ဦးမြဇော်ဦး၊ဧရယျာတင့်တို့(၄)ဦးအား(တရားပြိုင်)ထားရှိပြီး၊ဒေါ်ခင်မျိုးမြင့်ပါ(၅)ဦးမှတရားစွဲဆိုခဲ့ရာအနိုင်ဒီကရီ ရရှိပြီး၊တရားမဇာဝိမှုအမှတ်-၁၀/၂၀၂၂(၃၀-၁-၂၀၂၃)အရတရားရုံးကိုယ်စားတာဝန်ပေး၊အပ်ခြင်း၊ခံရသူဘီလစ်ဒေါ်လွင်လွင်အောင်(စ/ရစက(နိုင်)၀၉၅၂၂)ကတရားရုံးအမိန့်များ၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊လှိုင်မြို့နယ်တရားရုံး၏(၃၁-၁-၂၀၂၃)ရက်စွဲပါဘီလစ်ခန့်စာတို့ကိုတင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၈)ရပ်ကွက်၊ ရွှေရင်အေးစေ့ားလမ်းနှင့် ဗညားဒလလမ်းထောင့်၊ အမှတ် (၉၄၇/က)၊ ဧရိယာ အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးကိုမောင် အမည်ပေါက် ပါမစ်မြေအမျိုးအစား၊ မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်ကို အရှုပ်အရှင်းမရှိ ပိုင်ဆိုင်ပြီး လွဲပြောင်းရောင်းချိုင်ခွင့်ရှိသူဖြစ်သည်ဟု ဝန်ခံကတိပြုသည့် ဦးမောင်မောင်နိုင် [၁၁/မပန(နိုင်)၀၂၁၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးမောင်မောင် [၁၂/လသယ(နိုင်)၀၄၄၄၂]မှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါကြောင်းနှင့် ယင်းဝယ်ယူမှုနှင့် ပတ်သက်၍ အခြားကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာစာပါသည့် နေ့မှစတင်၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတိမှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

တင်ပြလွှဲအပ်ချက်အရ
ဒေါ်ဖြိုးပပ (LL.B)
တရားလွှတ်တော်ရှေ့နေ၊ စဉ် -၁၂၀၅၇
အခန်း- ၂၀၆၊ တိုက်- ၃၈၊ မင်းရှင်စောလမ်းသွယ် (၂)၊
ကျန်စမ်းအိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၉၄၁၇၉၄၅

အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ်/အမည် (၂၃/ရှမ်းစု)၊ ဦးပိုင်အမှတ်(၆၁˚)၊ ဧရိယာ(၀.၀၃၀)သည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ (၁-က) စာရင်းတွင် (V) ၉/၁၉၉၂-၁၉၉၃ အရ ဦးညီညီလွင်အမည်ဖြင့် မြေဌားဂရန်ရရှိထားပြီး ဂရန်သက်တမ်းမှာ ကုန်ဆုံးနေပြီးဖြစ်သည့်အတွက် နှစ်ရှည်မြေဌားဂရန် သက်တမ်းတိုးချဲ့ထားပေးပါရန် ဦးညီညီလွင်မှ လျှောက်ထားလာခြင်းကိစ္စနှင့်ပတ်သက်၍ ဂရန်စာချုပ်မူရင်းမှာ တင်ပြနိုင်မှုမရှိသည့်အပေါ် ဦးညီညီလွင်မှ ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တို့နှင့်အတူ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဆိုင်ရာဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့် နေ့ရက်မှစတင်၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ဤရုံးသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မော်လမြိုခရိုင် - မော်လမြိုင်မြို့

လပွတ္တာမြို့၌ အယ်လ်နီညိ ရာသီဥတုကြောင့် ငါးလုပ်ငန်းကဏ္ဍအပေါ်သက်ရောက်နိုင်မှုများ ကြိုတင်ကာကွယ်ရေးအသိပညာပေး

လပွတ္တာ နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး၏ လမ်းညွှန်ချက်နှင့်အညီ လပွတ္တာခရိုင် ငါးလုပ်ငန်းဦးစီးဌာနက လပွတ္တာမြို့နယ် Texchem Marine Labutta Limited ကုမ္ပဏီရုံးခန်းတွင် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်း၌ ငါးနှင့် ကဏန်းပျော့မွေးကန်ရှိရေလုပ်သားများနှင့် တွေ့ဆုံ၍ အယ်လ်နီညိရာသီဥတုနှင့်ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲ ပြုလုပ်သည်။

အဆိုပါဟောပြောပွဲတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါသိန်းက အယ်လ်နီညိရာသီဥတုဖြစ်ပွားရခြင်းနှင့် ဖြစ်ပေါ်မှုကြောင့် ငါးမွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများအား ကြိုတင်ကာကွယ်နိုင်ရန် အချက်များ၊ ဖြစ်ပွားနေချိန်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဖြစ်ပွားပြီးချိန်တွင်ပြန်လည်ထူထောင်ရေးလုပ်ဆောင်ရမည့် အချက်များ၊ ရေကြီးနစ်မြုပ်မှုနှင့်အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသိပညာပေးရှင်းလင်းဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ခရိုင်နှင့် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကဏန်းပျော့မွေးမြူသူ ရေလုပ်သားများ စုစုပေါင်း ၂၅ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၁၀-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၈)ကန့်ကွက်နိုင်ကြောင်းကြော်ငြာသာကေတာမြို့နယ်၊GPဦးဇော်မိုးလတ်၏ပိုင်ဆိုင်မြေပုံကူးတွင် ** ခင်ပွန်းဖြစ်သူဦးခင်အောင်အမည်ပေါက်ဖြင့်တည်ရှိသောခေါင်းရင်းခြမ်း(၁၀'×၆၀)မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်ကိုဇနီးဖြစ်သူမိမိမှအမွေဆက်ခံခြင်းဆိုင်ရာဥပဒေအရတရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍အခြားအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ဒေါ်ခင်မေကိုယ်တိုင်ကိန်းဆိုထားသည့်ကျမ်းသစ္စာပြုလွှာ၊ထောက်ခံကျမ်းသစ္စာပြုလွှာ(၂)စောင်၊အထွေထွေကိယ်စားလှယ်လွှဲစာ(၂)စောင်၊ကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်းကတိသစ္စာပြုလွှာ၊ဂရန်၊ဒေါ်ရင်ဦးအရုံ၊ဦးခင်အောင်တို့၏သေဆုံးမှုလက်မှတ်၊အိမ်ထောင်စုလူဦးရေစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊မြေခွန်ပြေစာတို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာဟုဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ သီတာလမ်း၊ အကွက်အမှတ် နှင့် အမည် ၄၄ / ရွှေတောင်၊ ဦးပိုင်အမှတ် ၁၃၃၊ ဧရိယာ (၀.၀၂)ဧကရှိ မြေကို မှတ်ပုံတင်စာချုပ်အမှတ် - ၇၉/၁၉၈၀ အရ ဦးတင်ဖေသည် ဒေါ်အုန်းသင်ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(၁-က) စာရင်းတွင် ဦးတင်ဖေ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးတင်ဖေသည် အထက်ဖော်ပြပါမြေကို ဦးနေထွန်းဦး အား (၂၅-၅-၂၀၂၀) ရက်နေ့တွင် အောက်ခြေကတိစာချုပ်ဖြင့် ပြန်လည်ရောင်းချခဲ့ပါသည်။ ဦးနေထွန်းဦးသည် တရားဝင်မှတ်ပုံတင် စာချုပ်ချုပ်ဆိုရန်အတွက် ဦးတင်ဖေအား တောင်းဆိုခဲ့ရာ ငြင်းဆိုခဲ့သဖြင့် မော်လမြိုင်မြို့နယ် တရားရုံးတွင် စာချုပ်စာတမ်းမှတ်ပုံတင်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ပြီး၊ တရားမကြီးမှုအမှတ် ၅၂/၂၀၂၁ ဖြင့် အနိုင်ဒီကရီရရှိခဲ့၍ တရားရုံးဖြစ်သော ဦးတင်ဖေ၏ ကိုယ်စား ဦးထွန်းမြင့်မြတ် (အကြီးတန်းစာရေး၊ ဘီလစ်၊ မော်လမြိုင်မြို့နယ်တရားရုံး)က ဦးနေထွန်းဦးအား (၂၂-၈-၂၀၂၃) ရက်နေ့တွင် မော်လမြိုင်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၃၁၃/၂၀၂၃ အရ မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးခဲ့ပါသည်။ ယခုအခါ ဦးနေထွန်းဦးသည် မှတ်ပုံတင်စာချုပ်အမှတ်-၃၁၃/၂၀၂၃ အရ ၎င်းဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါမြေကို ၎င်း၏အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် တကွ မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့

ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ ဗဟိုလမ်း၊ အကွက်အမှတ်နှင့် အမည်-၄၅/ရွှေတောင်၊ ဦးပိုင်အမှတ်(၇၅)၊ ဧရိယာ (၀.၀၃၇)ဧကရှိ မြေသည် ဦးကြီးမောင် အမည်ဖြင့် မော်လမြိုင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(၁-က) စာရင်းတွင် မှတ်သားတည်ရှိပါသည်။ ဦးကြီးမောင်ထံမှ ဦးပါ(ခ) ဦးသောင်းဖေက အထက်ဖော်ပြပါ မြေဧရိယာအနက်မှ A အမှတ်ပြ (၀.၀၁၉)ဧကရှိ မြေကွက်ကို အောက်ခြေကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး၊ ဦးပါ(ခ)ဦးသောင်းဖေ ကွယ်လွန်ပြီးနောက် ဦးပါ (ခ)ဦးသောင်းဖေ၏ သားသမီးဖြစ်သော ဒေါ်ခင်အေး၊ ဒေါ်သန်းရွှေ၊ မရွှေသိန်း၊ ကိုတင်ထွန်း တို့(၄)ဦး ထံမှ ဒေါ်မြတင်အား "အရောင်းအဝယ်စာချုပ်" "မှတ်ပုံတင်စာချုပ်အမှတ် - ၆၃၂/၁၉၈၄ အရ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ဒေါ်မြတင်နှင့် ခင်ပွန်း ဦးညွှန့်မောင်တို့ ကွယ်လွန်ပြီးနောက် ၎င်းတို့ ကျန်ရစ်ခဲ့သောအထက်ဖော်ပြပါအိမ်နှင့်မြေကို အမွေဆက်ခံခွင့်ရှိသော ဒေါ်ရွှေရီ၊ ဒေါ်အုံးကြည်၊ ဒေါ်အေးအေးသီ၊ ဦးကောင်း၊ ဒေါ်ရွှေကြည်တို့ သားသမီး (၅)ဦးကျန်ရစ်ခဲ့ပြီး၊ အမွေဆက်ခံသူ ဒေါ်ရွှေရီ(၅)ဦးအနက်မှ ဒေါ်ရွှေရီ၊ ဒေါ်အုံးကြည်၊ ဒေါ်အေးအေးသီတို့မှ ဦးကောင်း နှင့် ဒေါ်ရွှေကြည်တို့အား "စွန့်လွှတ်စာချုပ်" မှတ်ပုံတင်စာချုပ်အမှတ်-၁၁၃/၁၉၉၉ အရ စွန့်လွှတ်စာချုပ် ပြုလုပ်ခဲ့ကြပါသည်။ ထို့ပြင် ဦးကောင်းကွယ်လွန်ပြီးနောက် ဦးကောင်း၏ဇနီးဖြစ်သူ ဒေါ်သီတာအေးသည် မော်လမြိုင်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ကျွမ်းကျိန်လွှာ မှတ်ပုံတင်စာချုပ်အမှတ်-၇၇/၂၀၀၈ နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်မှတ်ပုံတင်စာချုပ် အမှတ် - ၇၈/၂၀၀၈ အရ အမွေဆက်ခံခဲ့ပါသည်။ အမွေဆက်ခံသူ ဒေါ်သီတာအေးမှ ဒေါ်ရွှေကြည်အား "အိမ်နှင့်မြေကွက်ပိုင်ဆိုင်မှုကို အပြီးအပိုင်စွန့်လွှတ်ပေးသည့်စာချုပ်" မှတ်ပုံတင်စာချုပ် အမှတ် - ၇၃/၂၀၀၈ အရ စွန့်လွှတ်စာချုပ်ပြုလုပ်၍ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ရွှေကြည်သည် အထက်ဖော်ပြပါ မြေဧရိယာအနက်မှ A အမှတ်ပြ (၀.၀၁၉)ဧကရှိ အိမ်နှင့်မြေကို ၎င်း၏အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် တကွ မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့

ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၈-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၈)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၂)ဒေါ်ခိုင်မာလာကြည်၏မြေကွက်ခွဲ+အပြန်အလှန်စွန့်လွှတ်မြေပုံကူးတွင်လျှောက်ထားသူအမည်ဒေါ်ခိုင်မာလာကြည်+၁ဟုအမှန်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ်-FMI-8၊ မြေကွက်အမှတ်(၅၅၇)၊ ဧရိယာ(၀.၀၇၆)ဧက၊ မြေကွက်တည်နေရာအမှတ်-I-5 ၊ သဇင်(ဖ)လမ်း၊ ၄-ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။ ဦးသန်းငွေး [၁၂/လမန(နိုင်)၁၃၂၂၉၆] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းငွေး [၁၂/လမန(နိုင်)၁၃၂၂၉၆] (ခင်ပွန်း)သည် (၈-၁၀-၂၀၁၆) ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဒေါ်မြမြီး [၁၂/လမန(နိုင်)၀၃၂၂၇၇] မှ တစ်ဦးတည်းသာတရားဝင် ဇနီးဖြစ်ကြောင်း၊ အခြားသော ဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ၎င်းသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ်(၁၆ဒီ၁)၊မြေကွက်အမှတ် I 3-Northern Portion of Western Quarter၊ မြေကွက်အမှတ်(၁၈၆/၁၈၈)၊ လမ်း(၃၀)၊ ပန်းဘဲတန်းမြို့နယ်၊မောင်လှမောင်(ခ)Mohamed Esoof အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် မောင်လှမောင်(ခ) Mohamed Esoof ထံမှ အပိုင်ပေးစာချုပ်အမှတ် ၁၀၂၀/၂၀-၉-၁၉၇၄ ဖြင့် ဒေါ်ခင်ရီမှရရှိပြီး မိခင် ဒေါ်ခင်ရီ [၁၂/ပဘတ(နိုင်)၀၂၆၂၇၅] သည် (၁၇-၄-၂၀၂၃)ရက်နေ့တွင် လည်းကောင်း၊ ဖခင် ဦးရှိက်မိုဟာမက်ဟူစိန်(ခ)ဦးအေးမောင်သည် (၁၀-၃-၁၉၉၄)ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ဒေါ်သီတာ [၁၂/ပဘတ(နိုင်)၀၂၉၆၉၅] မှ ၎င်း၏မိဘနှစ်ဦးလုံးသည် ကိတ္တိမသားသမီးမွေးစားထားခြင်းမရှိဘဲ ၎င်းတစ်ဦးတည်းသာမွေးဖွားခဲ့ပြီးအမွေဆက်ခံပိုင်ဆိုင်ပါကြောင်းကျိန်ဆိုထားသော (၂၂-၅-၂၀၂၃) ရက်စွဲပါ ကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ၊ သေစာရင်းအပိုင်ပေးစာချုပ်အမှတ် ၁၀၂၀/၁၉၇၄(၂၀-၉-၁၉၇၄)၊နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး**
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

သွေးသည် အသက်

အထူးကိုယ်စားလှယ်လွှဲစာရွက်ပယ်ဖျက်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်တွင် ဒေါ်နွဲ့နွဲ့ဦး (ဘ) ဦးတင်ဦး (၁၂/၁၀၈ (နိုင်) ၀၁၇၃၃၄) နှင့် ဒေါ်ခင်မေလေး (ဘ) ဦးခင်မောင်တင် (၁၂/၁၀၈ (နိုင်) ၀၁၈၄၂၄) တို့မှ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၄၅၉၃/၂၀၁၄) (၁၄-၂-၂၀၁၄) ရက်စွဲဖြင့် ဦးအောင်လှိုင်တိုး (ဘ) ဦးမင်းအောင် (၇/ရတန (နိုင်) ၀၂၇၈၈၀) ထံသို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအား ဆက်လက် ဆောင်ရွက်ရန် အကြောင်းမရှိတော့ပါသဖြင့် ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နုနုလွင်
(ဒေါ်နွဲ့နွဲ့ဦး နှင့် ဒေါ်ခင်မေလေးတို့၏အထူးကိုယ်စားလှယ်လွှဲအပ်ထားသူ)
အမှတ် (၂၅)၊ အမိုးကုန်းလမ်း၊ အမိုးကုန်းရပ်ကွက်
တာဝေမြို့နယ်၊ ရန်ကုန်မြို့၊

အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရှင်စုကျေးရွာအုပ်စု၊ ငါးခုမွစမ်းကျေးရွာနေ (အဖ) ဦးမာဒါသားဖြစ်သူ ဦးအောင်ကျော်[၁၂/တတန(နိုင်)၀၁၀၆၀၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် အောက်ပါအတိုင်း ကြော်ငြာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေဦးအောင်ကျော်ထံတွင် သမီးဖြစ်သူ မငြိမ်းချမ်းမိုးနှင့် ၎င်း၏ခင်ပွန်း ဦးအောင်ဆန်းထွန်းဆိုသည့် သမီးနှင့်သမက်တို့ရှိကြပါသည်။ ယခုအခါ အဆိုပါသမီးဖြစ်သူ မငြိမ်းချမ်းမိုးနှင့် သမက်ဖြစ်သူ ဦးအောင်ဆန်းထွန်းတို့သည် ဖခင်နှင့်ကျွန်ုပ်သည်အစ်ကိုမောင်နုမများ၏ ပြောဆိုဆုံးမမှုတို့ကို လက်ခံလိုက်နာခြင်းမရှိဘဲ ၎င်းတို့စိတ်ကြိုက်စီမံခန့်ခွဲပြီး ပြုမူနေထိုင်နေသည့်အတွက်တို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေဦးအောင်ကျော်မှသမီးဖြစ်သူ မငြိမ်းချမ်းမိုးနှင့် သမက်ဖြစ်သူ ဦးအောင်ဆန်းထွန်းတို့အား ယခုအချိန်မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းတို့နှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်တို့နှင့်မှ ပတ်သက်သိရှိ ခြင်းမရှိပါကြောင်း၊ တာဝန်မယူတော့ပါကြောင်းတို့ကို အများသိရှိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သိဂီလှိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၂၀၇၇(၂၈-၂-၂၀၁၇)
အမှတ် - ၁၈၊ ရွှေဆံတော်ဘုရားလမ်း၊ တွံတေးမြို့၊
ဖုန်း-၀၉-၅၀၄၄၁၆၈၊ ၀၉-၇၈၅၀၄၄၁၆၈

အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ရွှေဆံတော်ရပ်ကွက်၊ ရွှေဆံတော်ဘုရားလမ်းနေ(အဖ) ဦးမောင်မောင်၏ သမီးဖြစ်သူ ဒေါ်စုစုလှိုင် [၁၂/တတန(နိုင်)၁၉၂၁၀၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် အောက်ပါအတိုင်းကြော်ငြာအပ်သည်မှာ-

